မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တာခ့်မင်နစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၀၆ခုနှစ် အောက်တိုဘာ၂၇ရက်တွင် ကျရောက်သော တာခ့်မင်နစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တာခ့်မင်နစ္စတန်သမ္မတနိုင်ငံသမ္မတ ဗိုလ်ချုပ်ကြီး ဆာပါမူရက်(ဒ်) အေ၊ နီရာဇော့(ဗ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ဖတ်ကြား

ရန်ကုန် အောက်တိုဘာ ၂၆

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းပြောကြားချက်များကို လုပ်ငန်းကော်မတီဝင်များက အသီးသီးဖတ်ကြားတင်ပြကြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့်

စာမျက်နှာ ၃ ကော်လံ ၁ ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ခုခံအားကျဆင်းမှုကူးစက်ရောဂါ ထိရောက်စွာကာကွယ်တိုက်ဖျက်လျက်ရှိ

အေအိုင်ဒီအက်စ်ခေါ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံတိုင်းတွင် ကြုံတွေ့နေရသော ကျန်းမာရေးပြဿနာတစ်ခု ဖြစ်လာသည်။

လူတို့၏ သွေးထဲတွင်ရှိသော သွေးဖြူဥများကို အိတ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးက တဖြည်းဖြည်း ဖျက်ဆီးပစ်လိုက်ရာမှ ခုခံစွမ်းအား တဖြည်းဖြည်းကျဆင်းလာပြီး နောက်ဆုံး၌ သေဆုံးရခြင်း ဖြစ်သည်။

၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကမ္ဘာတစ်ဝန်းရှိ ပြည်သူ ၆၅သန်းခန့်သည် အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ခံနေကြရသည်။ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးရှိသူကို ၁၉၈၈ခုနှစ်တွင် လည်းကောင်း၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်ကို ၁၉၉၁ခုနှစ်တွင်လည်းကောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။ ယခင်က ရောဂါပိုးကူးစက်လွယ်သော အမူအကျင့်ရှိသူများတွင် ရောဂါအဖြစ်များသော်လည်း ယခုအခါ ပြည်သူလူထုအတွင်းသို့ပါ ကူးစက်ခံနေရသည်။ ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် အိတ်ချ်အိုင်ဗွီပိုးရှိသူ လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့ အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့သည် ကျန်းမာရေးဝန်ကြီးဌာန၏ ကျွမ်းကျင်မှုဆိုင်ရာ ကူညီထောက်ပံ့မှုကိုရယူကာ ရပ်ကွက်များသို့ ကွင်းဆင်းပြီး ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တီဘီရောဂါဝေဒနာရှင်များအား ပိတ်ရက်မရှိ ဆေးညွှန်းအတိုင်း ဆေးတိုက်ကျွေးနိုင်ရန် အိမ်တိုင်ရာရောက် သွားရောက်တိုက်ကျွေးခြင်း၊ ဝေဒနာရှင်များအား စိတ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၀၅ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပသည့် အိတ်ချ်အိုင်ဗွီ ကူးစက်ပြန့်ပွားမှုနှင့် ရရှိမည့်အကျိုးဆက်များကို ခန့်မှန်းတွက်ဆခြင်း အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်အရ မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားမှုမှာ ၂၀၀၀ပြည့်နှစ်က ၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးကို ၁၉၈၉ခုနှစ် မှစပြီး အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိမှုကြောင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ထိရောက်စွာ တိုက်ဖျက်နိုင်ရုံသာမက ရောဂါဖြစ်ပွားမှုနှုန်းကိုလည်း လျှော့ချနိုင်ပြီ ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၇-၁၀-၂၀၀၆

(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်သံကြား ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၁၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၁၉)

ဂျပန်နိုင်ငံ တိုကျိုမြို့၌ လုံခြုံမှုနှင့် ဘေးကင်းရေး ဆိုင်ရာ ကုန်ပစ္စည်း ပြပွဲတွင် ဓာတုဓာတ်ငွေ့ ကာကွယ်ရေး ဝတ်စုံများ ဝတ်ဆင်ပြသ နေသည်ကို အောက်တိုဘာ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုလသမဂ္ဂ အင်အားတောင့်တင်းရေး ဝိုင်းဝန်းလုပ်ဆောင်ရန် ကိုဖီအန်နန်တိုက်တွန်း

ကုလသမဂ္ဂ အောက်တိုဘာ ၂၆

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ကုလသမဂ္ဂနေ့အတွက် ၎င်း၏ နောက်ဆုံးသဝဏ်လွှာတွင် ကုလသမဂ္ဂအဖွဲ့ကြီး ရင်ဆိုင်နေရသည့် ကျန်ရှိနေသေးသော စိန်ခေါ်မှုများကို အောက်တိုဘာ ၂၄ရက်က မီးမောင်းထိုးပြလိုက်ပြီးနောက် ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ၎င်းရာထူးအားဆက်ခံသူနှင့် လက်တွဲကာ ကုလသမဂ္ဂအဖွဲ့ကြီး အစဉ်အင်အားတောင့်တင်းပြီး ပိုမိုထိရောက်အောင် လုပ်ဆောင်ကြပါရန် တိုက်တွန်းပြောကြားလိုက်သည်။

ပြောကြား

ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် လုပ်ငန်းများ အောင်မြင်မှုရှိသလို မအောင်မြင်မှုများလည်း ရှိကြောင်း၊ ယခုအခါ ဆင်းရဲချမ်းသာ ကွာဟမှုမှာ ဆက်လက်ကြီးမားလျက် ရှိကြောင်း၊ ၂၀၁၅ခုနှစ် အရောက်တွင် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက် ရှစ်မျိုးစလုံး အောင်မြင် ပေါက်မြောက်ရန် နိုင်ငံ အနည်းငယ်သာလျှင်ပုံမှန်လမ်းကြောင်းပေါ်သို့ ရောက်ရှိကြောင်း ကိုဖီအန်နန်က ပြောကြားသည်။

ဆက်ခံမည်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်သည် ယခုနှစ်ကုန် ဒီဇင်ဘာ ၃၁ ရက်တွင် ရာထူးသက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး ယင်းနေရာကို မစ္စတာ ဘန်ကီမွန်းက ဆက်ခံမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အနောက်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ အောက်တိုဘာ ၂၃ ရက်က တိုက်ပွဲဖြစ်ပွားရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်မှ ပြောကြားသည်။

ဖော်ပြ

၎င်းတပ်ဖွဲ့ဝင်နှစ်ဦးသည် အမှတ် (၅) တပ်မမှဖြစ်ပြီး အန်ဘာပြည်နယ်၌ ရန်သူနှင့်တိုက်ခိုက်စဉ် ပြင်းထန်စွာ ဒဏ်ရာရရှိပြီးသေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

သေဆုံး

အီရတ်နိုင်ငံတွင် ယခုနှစ် အောက်တိုဘာလအတွင်း သေဆုံးသူကန်တပ်ဖွဲ့ဝင်ပေါင်း ၈၅ဦး ရှိသွားပြီဖြစ်သည်။

အမေရိကန်တို့ အီရတ်သို့ စတင်ဝင်ရောက်သည့် ၂၀၀၃ ခုနှစ် မတ်လမှစ၍ ကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ၂၇၉၅ ဦး ရှိသွားပြီဖြစ်ကြောင်း အဆိုပါသတင်းတစ်ရပ်၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ဥရောပမော်တော်ကား အများအပြား မပြုလုပ်နိုင်

လန်ဒန် အောက်တိုဘာ ၂၆

လေထုအတွင်းသို့ မော်တော်ကားများမှ ဖန်လုံအိမ်အာနိသင်ခေါ် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး ဥရောပ၏ ရည်မှန်းချက်ကို ပြည့်မီအောင် ဥရောပထုတ် မော်တော်ကားအမျိုးအစား လေးပုံ သုံးပုံတို့က လောင်စာသုံးစွဲမှုနည်းအောင် တီထွင်ထုတ်လုပ်နိုင်ခြင်းမရှိဟု လေ့လာတွေ့ရှိရသည်။

ပိုမိုထုတ်လွှတ်

မော်တော်ကားတစ်စီးသည် လောင်စာ ပိုသုံးစွဲလေ လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပိုမိုထုတ်လွှတ်လေဖြစ်သည်။

လောင်စာအချွေတာဆုံး

လောင်စာသုံးစွဲမှုနည်းသည့် ကားအမျိုးအစားကို အစဉ်လိုက် ဖော်ပြရာ၌ ထိပ်ဆုံးမှ လောင်စာအချွေတာဆုံးမော်တော်ကားမှာ ဖီးယက်ကားဖြစ်ပြီး စာရင်း၏နောက်ဆုံးပိတ်တွင် နစ်ဆန်းကားဖြစ်ကြောင်း တွေ့ရသည်။

အရေးကြီး

မော်တော်ကားများ လောင်စာသုံးစွဲမှုနည်းအောင် တီထွင်မှု တိုးတက်ခြင်းသည် ရာသီဥတုပြောင်းလဲမှုထိန်းသိမ်းရေး ကြိုးပမ်းမှုတွင် အရေးကြီးသည့် အချက်ဖြစ်သည်။

(အင်တာနက်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီ မြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ (၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေ(၃)၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ) နှင့် မွန်နိုက်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရအမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက်အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး က စတင်ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တ ရပ်နားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဆက်လက် ဖတ်ကြားတင်ပြသည်။

[အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီဝင် ဦးသောင်းညွန့်တို့၏ ရှင်းလင်း ဖတ်ကြားတင်ပြချက်များကို ဆက်လက် ဖော်ပြသွားပါမည်။]

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

[အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက် ဖော်ပြသွားပါမည်။]

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အခမ်းအနားမှူး အဖြစ် ဆောင်ရွက်စဉ်။
(သတင်းစဉ်)

လူထုဆန္ဒပြလွှာများ လက်မှတ်ရေးထိုးရေးဆောင်ရွက်ရာတွင် အမည်နှင့် လက်မှတ် မှန်ကန်ရန်မလိုဘဲ အရေအတွက်များပြားရေး အဓိကထားဆောင်ရွက်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၆

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်နေ မန္တလေးတိုင်း NLD စည်းရုံးရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန်း၏ နေအိမ်၌ အောက်တိုဘာ ၂၀ ရက်နေ့တွင် မန္တလေးတိုင်း NLD စည်းရုံးရေးအဖွဲ့၏ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်း NLD စည်းရုံးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းတန်က လူထုဆန္ဒပြလွှာများကို အောက်တိုဘာ ၂၂ ရက် နောက်ဆုံးထားရယူကြရန် NLDဗဟိုက ညွှန်ကြားထားကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်း NLD ဆက်သွယ်ရေး ယာယီရုံးအဖြစ်ဖွင့်လှစ်ထားသည့် ဦးမောင်မောင်သန်း၏ နေအိမ်သို့ အောက်တိုဘာ ၂၃ ရက် နောက်ဆုံးထားပြီး ဆန္ဒပြလွှာများကို မြို့နယ်စည်းရုံးရေးအဖွဲ့ဥက္ကဋ္ဌ (သို့) အတွင်းရေးမှူးများက ပေးပို့ရန် မှာကြားခဲ့ကြောင်း။

“၈၈”မျိုးဆက်ကျောင်းသားအုပ်စုဝင်များနှင့် NLDအဖွဲ့ဝင်များသည် လူထုဆန္ဒပြလွှာများ လက်မှတ်ရေးထိုးရေး ဆောင်ရွက်ရာတွင် အမည်နှင့်လက်မှတ် မှန်ကန်ရန်မလိုဘဲ အရေအတွက်များပြားရေးကိုသာ အဓိကထား ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ လူထုဆန္ဒပြလွှာ လက်မှတ်ရေးထိုးသည့် လှုပ်ရှားမှုနှင့်ပတ်သက်၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်မှ NLD အဖွဲ့ဝင်အချို့က ၎င်းတို့အား ပါတီမှတာဝန်ပေး၍ လက်မှတ်ရေးထိုးခြင်းကိစ္စကို ကူညီပေးခဲ့ရကြောင်း၊ သို့သော် အချို့ဆန္ဒပြလွှာ လက်မှတ်ရေးထိုးသူများသည် အမည်တု၊ လက်မှတ်တုများဖြင့် စာရင်းလိမ်လည်ပြနေကြကြောင်း၊ ၎င်းတို့ NLD ပါတီသည် အလားတူလှုပ်ရှားမှုမျိုးကို ယခင်ကလည်း ပြုလုပ်ခဲ့ဖူးကြောင်း၊ သို့ရာတွင် အောင်မြင်မှုမရှိခဲ့ပါဟု အောက်တိုဘာ ၂၂ ရက်က ဝေဖန်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၀-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	Myanmar Video Rhythm
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	လေးဖက်နာရောဂါဆိုတာ (အပိုင်း-၂)
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	MRTV-4 စာအုပ်စင်ကဏ္ဍ (ရွှေအမြုတေအယ်ဒီတာ ဦးဝင်းငြိမ်းနှင့် တွေ့ဆုံခြင်း)
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၆)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	Midweek Sports News
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	အရေးကြီးလို့ပါ (ခင်လှိုင်၊ နွဲ့နွဲ့မူ)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သဘော်အကြွပ်ယို မုန့်လုပ်နည်း)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	မြန်မာလက်မှု ယွန်းအနုပညာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ညောင်နှစ်ပင်စိုက်ပျိုးရေးအထူးဇုန်(၂) ညောင်ကန်အေးကျောင်း၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးရေး အထူးဇုန်(၂)ရှိ ညောင်ကန်အေး လောကချမ်းသာပရဟိတကျောင်း၌ ပုရိမဝါကျွတ်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက် (နိုဝင်ဘာ ၄ ရက်) စနေနေ့တွင် ပြုလုပ်မည်ဖြစ်ရာ သင်္ကန်းတစ်စုံ ကျပ် ၃၀၀၀၊ သံဃာ ဆွမ်းစရိတ် တစ်ပါး ကျပ် ၁၀၀၀၊ ထာဝရငွေပဒေသာပင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဖုန်း-၆၄၂၂၁၉၊ ၆၀၁၁၀၀-လိုင်းခွဲ-၁၅၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကားအကြို/အပို့ အစီအစဉ်ဖြင့် ထိုနေ့ နံနက် ၇ နာရီတွင် ညောင်ကန်အေး သာသနာ့ရိပ်သာမှ စုပေါင်းထွက်ခွာမည်ဟု သိရသည်။ **(က-ပ)**

✳ **ကျောဖုံးမှ**

ကျင်းပ

ထိုသို့ ကျင်းပရာတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌လည်းကောင်း၊ ဒုံမင်းအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမ၌လည်းကောင်း၊ နှဲပြိုင်ပွဲကို သစ်တောသုတေသနဌာန၌လည်းကောင်း၊ တယောအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်းကျင်းပသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ၏ နောက်ဆုံးနေ့ပြိုင်ပွဲ အစီအစဉ်များသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်အောင်နှင့် ဦးညီထွန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ဂီတနှင့်သဘင်ပညာရှင်ကြီးများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသား ယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ နေပြည်တော် အနီးဝန်းကျင်မှ ပြည်သူများနှင့် မြန်မာ့ရိုးရာ ယဉ်

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး ဒုံမင်းပြိုင်ပွဲတွင် အနုပညာကို ချစ်မြတ်နိုးကြသူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

နှဲပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး အတီးပြိုင်ပွဲ၏ 'နှဲ' ပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းသစ်တော သုတေသနဌာန၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ 'နှဲ' အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစာဘငွေးနှင့် အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာ အဆင့် အသက်(၅-၁၀)နှစ်(အမျိုးသား)'နှဲ' ပြိုင်ပွဲ၌ 'ထံတျာ'(ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ဟန်စိုးနှင့် မောင်ရန်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ချမ်းလွင်မိုး၊ စစ်ကိုင်းတိုင်းမှ မောင်မြတ်မိုးဦး၊ ဧရာဝတီတိုင်းမှ မောင်ပြည့်ဖြိုးအောင်နှင့် ရန်ကုန်တိုင်းမှ မောင်ငြိမ်းဝင်းမိုးတို့က ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀) (အမျိုးသား) နှဲပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ"သည်ဆောင်းဟေမာန်"(ဘွဲ့) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မောင်ဝင်းစိုး၊ ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်ဝေ၊ မန္တလေးတိုင်းမှ မောင်စည်သူမျိုး၊ ရန်ကုန်တိုင်းမှမောင်နေဝင်း(ခ)မောင်နေလင်း၊ ဧရာဝတီတိုင်းမှ မောင်ဇော်မျိုးဝင်းနှင့် မန္တလေးတိုင်းမှ မောင်မျိုးကိုတို့ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ ပတ္တလားအတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးခင်လှနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို စတင်ကျင်းပရာ"ယမုံနာ"(ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်ခင်သစ်လွင်၊ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေး၊ ပဲခူးတိုင်းမှ ဒေါ်မြမြဝင်းနှင့် မန္တလေးတိုင်းမှ ဒေါ်သင်းသင်းအောင်တို့ တီးခတ်ယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသား ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ဂန္ဓမာတောင်"(ဘွဲ့)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်သက်နိုင်၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုကိုစိုး၊ မကွေးတိုင်းမှ မောင်အောင်ကိုကို၊ ဧရာဝတီတိုင်းမှ မောင်ထူးကိုလွင်၊ တနင်္သာရီတိုင်းမှ မောင်ဇော်တင့်လင်း၊ ရှမ်းပြည်နယ်မှ မောင်ခန့်ဝင်း၊ မန္တလေးတိုင်းမှ မောင်ရန်ပိုင်(ခ) ပိုင်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်ဖြိုး ထက်အောင်၊ ပဲခူးတိုင်းမှ မောင်ကိုမျိုး၊ ရန်ကုန်တိုင်းမှ မောင်အောင်ဆန်းမင်းနှင့် ကချင်ပြည်နယ်မှ မောင်ဝေယံပိုင်တို့ တီးခတ်ယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ"စံရာတောင်ကျွန်း"(ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မယမင်းလွင်၊ မကွေးတိုင်းမှ မစုနိုင်ငွေး၊ ကချင်ပြည်နယ်မှ မစုနွယ်အောင်၊ ရန်ကုန်တိုင်းမှ မအေးမြတ်မိုးခင်နှင့် မခင်မြင့်မြတ်မောင်၊ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်၊ မန္တလေးတိုင်းမှ မမေဖူးခင်နှင့် ဧရာဝတီတိုင်းမှ မဒေလီယာထွန်းတို့က တီးခတ်ယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမ၌ကျင်းပရာ ဒုံမင်းအတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဒလဦးမြင့်စိန်နှင့် ဒုံမင်းအတီးအကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲကို စတင်ကျင်းပရာ "ကျွန်းကျွန်းပိုင်သ"(ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်၊ ပဲခူးတိုင်းမှ မောင်မောင်အောင်ကျော်မြင့်နှင့် မကွေးတိုင်းမှ မောင်မြမိုးတို့ တီးခတ်ယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ခေတ်ဆန်းချိန်"(ကာလပေါ်) သီချင်းဖြင့် ပဲခူးတိုင်းမှ မသင်းသင်းဟန်၊ ရန်ကုန်တိုင်းမှ မနန်းကြာညိုကျော့၊ မန္တလေးတိုင်းမှ မဇာနည်ခိုင်၊ မကွေးတိုင်းမှ မကြည်ကြည်မာနှင့် မန္တလေးတိုင်းမှ မအိအိချောတို့ တီးခတ်ယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသား ဒုံမင်းအတီးကို ဆက်လက်ကျင်းပရာ "ထံတျာ"(ကြိုး)သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မောင်နေဗလကျော် မန္တလေးတိုင်းမှ မောင်ကိုကြီး၊ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်နှင့် မောင်စံရွှေမြတ်တို့ တီးခတ်ယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ရွှေပဇ္ဇုန်"(ကာလပေါ်) သီချင်းဖြင့် မန္တလေးတိုင်းမှ မဖြူဖွေးသန့်က တီးခတ်ယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

တယောပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တယောပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ဆက်လက်ကျင်းပရာ တယောပြိုင်ပွဲ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးတင်ငွေနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) တယောပြိုင်ပွဲကိုကျင်းပရာ"လူ့မနော"(ပတ်ပျိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ ရန်ကုန်တိုင်းမှ မောင်မင်းသုခ၊ မန္တလေးတိုင်းမှ မောင်ဇော်ရဲနန္ဒထွန်း၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုးနှင့် မန္တလေးတိုင်းမှ မောင်အောင်ဇင်ဦးတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) တယောပြိုင်ပွဲ၌ "လူ့မနော" (ပတ်ပျိုး) သီချင်းဖြင့် ကယားပြည်နယ်မှ မနော်ဒိုနေထူးက ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) တယောပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "ဟေမဝန်ချာ"သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ကျော်ဝဏ္ဏ၊ ရန်ကုန်တိုင်းမှ မောင်စောဝေယံထူး၊ မန္တလေးတိုင်းမှ မောင်မျိုးသီဟကို၊ ကချင်ပြည်နယ်မှ မောင်နေလင်းစိုး၊ ရှမ်းပြည်နယ်မှ မောင်စိုင်းသော်ဇင်လင်းနှင့် ရန်ကုန်တိုင်းမှ မောင်စောဂေးဒယ်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) တယောပြိုင်ပွဲ၌ "သံရာတောင်ကျွန်း"(ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ ဟိန်းမင်းဇော်၊ ဧရာဝတီတိုင်းမှ မောင်သွင်မင်းထက်နှင့် မွန်ပြည်နယ်မှ မောင်မင်းသီဟအောင်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြကာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒွါဒသမနေ့မြောက် ပြိုင်ပွဲအစီအစဉ်များအားလုံးသည် နောက်ဆုံးနေ့အဖြစ် မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို နေပြည်တော်၌ မကြာမီရက်ပိုင်းအတွင်း ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အစဉ်အလာကြီးလှ မြန်မာ့သုခုမ

❖ ပဝေသဏီ အတီတေက
စခဲ့လူသား ပရိုင်းမိတ်များသည်
ဒို့ပြည်ဒို့မျိုး ဒို့ဘိုးဒို့ဘွား
မြန်မာများ၏ ကြီးမားစဉ်လာ
ရှိခဲ့ပါသည့် ဖြစ်ရာဇာတိ
ကမ္ဘာသိသောသာဓကများ။

❖ မြန်မာတည်ရာ ဤမြေဌာနေ
ဇာတိမြေတွင် မျိုးဆွေနောင်ရင်း
သွေးချင်းသားချင်း ခပင်းများထွေ
ရာကျော်ဆွေတို့ နေထိုင်မှီတင်း
လွန်ရိုင်းပင်းသည့် တိုင်းရင်းသားစု
ကိုယ်စားပြုသော
ပြည်ထောင်စု၏အလှတရား။

❖ နှစ်ပေါင်းရှည်ကြာ ရိုင်းကာပင်းကာ
သွေးစည်းလာသည့် တီကာထွင်ကာ
တိုးတက်လာသည့် ဇာတိပုည
ဂုဏ်မာနတို့ ကာလရှည်ကြာ
စဉ်လာကြီးမား မွေနှစ်များစု
အနုသုခုမ ဂီတပညာ
အဖြာဖြာကို ထိန်းကာသိမ်းထား
တစ်ပါးယဉ်ကျေးမှု လွှမ်းမိုးပြုရန်
လက်မခံဒို့မလုပ် ချမင်းတုပ်သို့
မဟုတ်မခံသည့်မာနတရား။

❖ မဟာသမုဒ္ဒရာ ရေဇလာတွင်
လေညာလေဆန် လေပြန်လေဝဲ
လေစိုင်ခဲတို့ တိုက်ဆဲကာလ
တဒင်္ဂတွင် ခဏတာမျှ
ကြုံတွေ့ရပြန် မုန်တိုင်းဒဏ်ကို
အားမာန်သတ္တိ စွမ်းအားပြည့်နှင့်
ခိုင်သည့်အခြေခံ မူလဟန်ဖြင့်
မြဲမြံစွဲဆောင် ပွဲတိုင်းအောင်သည့်
ကျောက်ဆောင်အလားမြန်မာ့စိတ်ထား။ ။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအားဂုဏ်ပြုလျက်-]

ဖိုးရန်နိုင်(ကျောက်ကြီး)

ပွဲချစ်သူ

● မြန်မြန်ထက်ထက်၊
ထမင်းချက်ပြီး
ကျက်လျှင် သနပ်ခါး၊
ပါးကွက်ကျားလူး
ရှေ့ဖျားနေရာ၊
ထိုင်ကြည့်ပါစို့
လာအေးယောက်မ၊
ပွဲသွားကြမယ်
ဒီညမင်းသား ပိုချောတယ်။ ။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအားဂုဏ်ပြုလျက်-]

ရန်နိုင်ဦး

✡ *ကျောဖုံးမှ*

တက်ရောက်၍

အဆိုပါ ဂုဏ်ပြုလှူဒါန်းပွဲ အခမ်းအနားသို့ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ သမဝါယမ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံသဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များမှ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုငွေလှူဒါန်းပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝင်းနောင်က ဆောင်ရွက်သည်။

ဂုဏ်ပြုမှတ်တမ်းအပြန်အလှန်ပေးအပ်

အမျိုးသား ညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ရှေးဦးစွာ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ကောင်စီအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်ထံ အလှူရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသည့် ဇေကမ္ဘာ ကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေက ငွေကျပ် ၁၅၀၀၀၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀သိန်း၊ ဦးအောင်သန်း–သီရိသုမေ္မသီဂီ ဒေါ်ခင်သန်းဦး(ကံပွင့်အမွေးတိုင်)က ငွေကျပ် ခုနစ်သိန်း May & Mark Gems Chairman ဒေါ်ခေါင်နန်းက ငွေကျပ်ငါးသိန်းနှင့် ဦးယုပ်ဇော်ခေါင်–ဒေါ်ရှုဒေါင်ခေါန်တောင်(ဂျိတ်လင်း ကုမ္ပဏီ လီမိတက်)က ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ တိုင်းရင်းဆေးပစ္စည်းမျိုးစုံ၊ ဦးတင်မြင့်ထွေး–ဒေါ်သီဂီဦး(သိန်းသန်းဦးပုံနှိပ်တိုက်)တို့က ငွေကျပ် ၈၂၅၀၀၀ တန်ဖိုးရှိ ချစ်နိုင် (စိတ်ပညာ)၏ 'အခက်အခဲနှင့် အောင်ပွဲ' စာအုပ် ၁၁၀၀၊ ဦးငြိမ်း–ဒေါ်အုန်းကြင်(ပဲမျိုးစုံရောင်းဝယ်ရေး)က ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ ပေါ်ဆန်းဆန်အိတ် ၂၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဦးတင့်ဆန်း(ACEဆောက်လုပ်ရေး)၊ဦးကျော်ဝင်း(ရွှေသံလွင် ဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံ ရေထွက်ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဦးထွန်းထွန်း (သိရောမဏိကျောက်မျက်ရတနာကုမ္ပဏီ)၊ ဦးဌေးမြင့် (ယုဇနကုမ္ပဏီ)၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ဦးသန်းထိုက်(ဆန်းထရီကုမ္ပဏီလီမိတက်)၊ ဦးဝင်းအောင်(ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ ဦးဝင်းမြင့်(ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်)၊ ဦးအောင်သန်းဦး (ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)၊ ဦးမောင်လွင်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် နဘူးလယ်ဒေသ အခြေခံပညာအထက်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တောင်သူလယ်သမားများနှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးသောင်းလွင် (ကလျာဆေးတိုက်ဆေးကုဌာန)က ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးများ၊ ဦးအောင်ဇော်မြင့်–သီရိသုမေ္မ သီဂီဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစု၊ ဦးမောင်မောင်(Asia Express Co., Ltd.)၊ ဦးအောင်ထွေး (Golden Flower Co.,Ltd.)၊ ဦးကျော်ကျော် (KY ကျော်ကျော်ဆောက်လုပ်ရေး)၊ ဦးစိန်သစ်(Tosta Co.,Ltd.)၊ ဦးထွန်းမြင့်နိုင် (Asia World Co.,Ltd.)၊ ဦးမောင်လှ(ခ) ဦးလှမြင့် (တနင်္သာရီတိုင်း)၊ ဦးဝင်းသိန်း (ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)နှင့် ဒေါက်တာစိန်မြင့် (Supreme Group Co.,Ltd.)တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးသန်းလွင်(ငွေစင်ပုလဲကုမ္ပဏီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း)က ငွေကျပ် သုံးသိန်းတန်ဖိုးရှိ တီလာပီးယားငါးပိသဿ ၃၀၀၊ ဦးညိုမင်း (မင်းဇာနည်ကုမ္ပဏီ)၊ ဦးမောင်ဝိတ် (မောင်ဝိတ်နှင့်မိသားစုကုမ္ပဏီ)၊ ဦးရန်ဝင်း(အေဝမ်းဆောက်လုပ်ရေး)၊ ဦးသိန်းဟန် (တိုကျိုပိုက်)၊ ဦးကျော်နိုင်ဦး (Naing Group ဆောက်လုပ်ရေး)၊ ဦးမောင်မောင်ကြီး (မောင်မောင်ကြီး ဆောက်လုပ်ရေး)၊ ဒေါက်တာဇော်ထွန်း (ယူနီဗာဆယ်ဆောက်လုပ်ရေး)၊ဦးရိုန်ဝင်း(တက်လမ်းဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့ကငွေကျပ်နှစ်သိန်းစီ၊ ဦးသန်းမြင့် (အေးရိပ်မွန်)၊ ဦးမျိုးဝင်း(ဝင်းရွှေရည်ဆောက်လုပ်ရေး)၊ ဦးကိုကိုထွေး(တော်ဝင်မိသားစုကုမ္ပဏီ)၊ ဦးကျော်ညွန့် (ရွှေကျားပျံဆောက်လုပ်ရေး)၊ ဦးနေလင်း (နေလင်းနှင့်သားများဆောက်လုပ်ရေး)၊ ဦးမြဟန် (Fortune International Trading)၊ ဦးကြင်တိ (ချမ်းသာဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်း၊သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကြက်သွန်နီ၊ ဖြူနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဥယျာဉ်ခြံမြေ စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချရေးအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးမောင်မောင်ဦးက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဂေါ်ဇီလာ ခြင်းဆေးခွေများ၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များ အသင်းက ငွေကျပ် ၉၀၀၀၀ တန်ဖိုးရှိ ဟင်းခတ်ပစ္စည်းမျိုးစုံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာဆရာ ဆရာမများအထူး မွမ်းမံသင်တန်း အမှတ်စဉ်(၅၉)မှ သင်တန်းသား သင်တန်းသူများနှင့် မြင်းလှည်း၊ ထော်လာဂျီ၊ ပဲ့ထောင်၊ ရေယာဉ်ငှက် အဖွဲ့နှင့် ဆိပ်ကမ်းလုပ်သားများအဖွဲ့ နာယက ဦးအောင်ချိန်(ရွှေကူမြို့) တို့က ငွေကျပ် ၅၀၀၀၀ စီ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် တက္ကသိုလ် ဆရာဆရာမများအထူး မွမ်းမံသင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသား သင်တန်းသူများက ငွေကျပ် ၂၅၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် တွဲဖက် အတွင်းရေးမှူး(၁) ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမောင်မောင်က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် အခမ်းအနားတွင် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူရှင် ၇၅ ဦးတို့က ငွေကျပ် ၂၁၂၂၅၀၀၀ နှင့် ငွေကျပ် ၃၂၆၅၀၀၀ တန်ဖိုးရှိ ပစ္စည်းများ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၄၄၉၀၀၀၀ လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဆွမ်းဆန်တော်လှူဒါန်းပွဲ အကြိုဓမ္မပူဇာသဘင်

ရန်ကုန် အောက်တိုဘာ ၂၆

ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက် အဋ္ဌမအကြိမ်ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော် ဆီ၊ဆား၊ဆေးလှူဒါန်းပွဲနှင့် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းမှုအကြိုအဖြစ် တရားပွဲများကို မင်းလမ်း သာသနရှေ့ဆောင် ဓမ္မာရုံကြီးရှေ့တွင် ညစဉ် ၈ နာရီမှစတင်၍ အောက်တိုဘာ ၂၇ ရက်သောကြာနေ့တွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဒီဃနိကာယ ကောဝိဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ပါဠိကာရီကျောင်းဆရာတော် ဘဒ္ဒန္တအင်္ဂီသ၊ ၂၈ရက်တွင် သာသနာပြု နယ်လှည့် ဓမ္မကထိက ခင်မကန်တိုက်ဆရာတော် ဆရာတော်ဦးခေမိန္ဒ၊ ၂၉ရက်တွင် တောင်တန်းသာသနာပြု နယ်လှည့်ဓမ္မကထိက (ပဌာန်း)ဝိမုတ္တိသုခကျောင်း ဆရာတော် ၊ ၃၀ရက်တွင် သာသနဓဇ ဓမ္မာစရိယပဓာနနာယက (ဆင်ဖြူတောင်)ဆရာတော်နှင့် ၃၁ ရက်တွင် သာသနဓဇဓမ္မာစရိယ သာသနာရာမိကကျောင်း ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

တန်ဖိုးရှိလှ လူငယ်ဘဝစာအုပ် ဖြန့်ချိထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ) ရေးသားသော**"တန်ဖိုးရှိလှ လူငယ်ဘဝ"** စာအုပ် **(အောက်ပုံ)**သည် လူငယ်များအတွက် ခွန်အားဖြည့် ရသစာစုများ ဆောင်းပါး ၂၁ ပုဒ်ကို စုစည်းတင်ပြထားသည်။ စာရေးသူ၏ အမှာစာတွင် နိုင်ငံအဝန်းရှိ လူငယ်များ အသိအမြင်၊ ဗဟုသုတ ကြွယ်ဝပြီး အနာဂတ်ကို ဖန်ဆင်းမည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန် လူငယ်များ အကျိုးရှိမည့် ဆောင်းပါးများကို ရေးသားတင်ပြထားကြောင်း ဖော်ပြထားသည်။ နိုင်စာပေမှ ထုတ်ဝေဖြန့်ချိ၍ ကျပ် ၈၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

The Live News ဂျာနယ် အမှတ်(၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၆

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်အမှတ်(၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဒေါက်တာမတင်ဝင်း၏စည်းမျဉ်းခံချက္ကရီဘုရင်မင်းမြတ်သုံးပါးအကြောင်း၊ ကိုကိုလှိုင်၏ အမှန်တရား နားဝင်ခါးသော် အမှားသိလျက် ပြင်ရန်ခက်၏၊ ဒိုင်းနေအောင်၏ ဆိုက်ဘေးရီးယားအနောက်ပိုင်းမှ လောင်စာဓာတ်ငွေ့နှင့် ဆာခါလင်းကျွန်း၏ အလှပျက်စီးမည်ကို စိုးရိမ်ကြသူများ၊ သာဂဒိုး၏ တစ်ရောဂါမှ နှစ်ရောဂါကို စေတနာပွားလျက်၊ စိုးမြင့်ငြိမ်း၏ အမေရိကန်အိုးပင်းတင်းနစ် ချန်ပီယံ ရော်ဂျာဖက်ဒဲရား အစရှိသည့် ဆောင်းပါးများနှင့် မီးတောက်တွေကြားက သိုင်းစွမ်းရည်၊ ဓမ္မကထိကဆရာကြီး ဦးလှသိန်းပုံတူ၊ ရန်ကုန်မှ မန္တလေး၊ မော်လမြိုင်၊ သာစည်၊ ပျဉ်းမနားမြို့များသို့ ပြေးဆွဲသည့် ရထားဝင်ထွက်ချိန် အသစ်များ၊ ခြေခြောက်ချောင်းလိပ်ကြီး၊ NG II K နှင့် တွေ့ဆုံခြင်း၊ ရွှေပေါက္ကံ နံ့နက်ခင်း၊ ဆရာသုမောင်နှင့် ပါရဂူ ရှန်တိနိကေတန်၊ အယ်လ်ကေဒါ အဖွဲ့၏ ဦးစားပေး ထိပ်တန်းပစ်မှတ်ဖြစ်လာသော ဗြိတိန်နိုင်ငံ၊ မလေးရှားနိုင်ငံက ပါဝင်ကူညီ ဖြေရှင်းပေးဖွယ်ရှိသော ထိုင်းတောင်ပိုင်း ဆူပူမှုပြဿနာ၊ ကုလသမဂ္ဂ၏ တားမြစ်ပိတ်ပင်ခြင်းကို လက်ခံမည်မဟုတ်သည့် အီရန်စသည့် ပြည်တွင်းပြည်ပသတင်းအစုံစုံကို ဝေဝေဆာဆာ ဖော်ပြထားသည်။

The Live News ဂျာနယ်နှင့် ဆက်သွယ်လိုသူများ၊ အမြို့မြို့အနယ်နယ်မှ သတင်း၊ ဆောင်းပါးပေးပို့လိုသူများသည် အမှတ်(၁၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်းအမှတ် (၀၀၄) လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂ နှင့် ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များတို့၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုရေးအခန်း၌ ပါဝင်မယ့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ကျင်းပခဲ့တဲ့အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီရှင်းလင်းတင်ပြချက်နဲ့စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ်–

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ရှင်းလင်း ပြောကြားချက်ကို ဖတ်ကြား တင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒေါက်တာထွန်းရှင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ရှင်းလင်း ပြောကြားချက် ကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဗိုလ်မှူးချုပ်မြဝင်း အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ကို ဖတ်ကြား တင်ပြစဉ်။
(သတင်းစဉ်)

“၁။ (က) ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။

(၂) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။

၂။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) (၁) ပထမအကြိမ်ကျင်းပသော ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည်စတင်တက်ရောက်သောပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

(ခ) (၁) ပထမအကြိမ်ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည်စတင်တက်ရောက်သောအမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၄။ (က) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

(ခ) အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ။

၅။ (က) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့်အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

(ခ) အမျိုးသားလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတကပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) အမျိုးသားလွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်၊

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက် ကျင်းပသော အစည်းအဝေးများတွင် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

စာမျက်နှာ ၇ ကော်လံ ၁

အမျိုးသားလွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစသည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်

စာမျက်နှာ ၆ မှ

၇။ (က) (၁) ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၈။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်သူ့လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် ပြည်သူ့လွှတ်တော်က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် အမျိုးသား လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုအမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် အမျိုးသားလွှတ်တော်က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

၉။ (က) ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူ တစ်ဦးက ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

(ခ) အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူ တစ်ဦးက အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၀။ (က) ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

(ခ) အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ တားမြစ်ထားသည့်ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၁။ (က) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များ အနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့ လွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်။

(ခ) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များ အနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသား လွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်။

၁၂။ (က) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေကို အနီးကပ်ဆုံးကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော် ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

၁၃။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီပေးပို့လာလျှင် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ပါရှိသောကိစ္စရပ်များ အနက် ပြည်ထောင်စု လွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင် တင်သွင်း ခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များ အနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသားလွှတ်တော်သို့ စတင် တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်။

၁၄။ (က) (၁) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ်

စာမျက်နှာ ၈ ကော်လံ ၁

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ် အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ။

ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေများကို ဆွေးနွေးဆုံးဖြတ်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်

စာမျက်နှာ ၇ မှ

ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) ပြည်သူ့လွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၁၆။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(၁) ပြည်သူ့လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်၊

(၃) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(၁) အမျိုးသားလွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့်အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည်။

၁၇။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲ ပေးခွင့်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည်တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၁၈။ (က) (၁) ပြည်သူ့လွှတ်တော်အစည်းအဝေး တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသောကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေးတက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ သို့မဟုတ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့်အဖွဲ့ အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာတင်ပြရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်အစည်းအဝေး တက်ရောက်နေသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသောပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က

ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြု သည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

27-10 (08) 1 10/27/06, 1:19 AM

ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကိုသက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်ကဖွဲ့စည်း သော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၁၉။ (က) ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်း များနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော် ၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်း များနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။”

လို့ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့– အားဖြင့် ပြတ်တောက်သွားနိုင်ပါသည်။ ထိုမျှမက လစ်လပ်နေရာများတွင် ပြန်လည်ရွေးချယ်မှုများပြုလုပ်ရန် လိုအပ်လာမည်ဖြစ်သဖြင့် အချိန်နှင့် ငွေကြေး ကုန်ကျမှုများရှိလာနိုင်ပါသည်။ ထို့အပြင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း ယင်းတို့အား ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များအား ထမ်မံရွေးချယ်ရမည့် တာဝန်များ ရှိလာမည်ဖြစ်ပါသည်။ ယင်းကဲ့သို့သော ဆောင်ရွက်မှုများသည် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များအတွက်သာမက နိုင်ငံတော်နှင့် မဲဆန္ဒရှင် ပြည်သူများအတွက်ပါ အတိုင်းအတာတစ်ရပ်အထိ ထိခိုက်မှုများ ရှိလာနိုင်ပါသည်။

သို့ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်ထားသည့် အချိန်ကာလထက်ကျော်လွန်၍ ခွင့်မဲ့ပျက်ကွက်မှုများဖြစ်ပေါ်လာပါက ယင်းကဲ့သို့ ခွင့်မဲ့ပျက်ကွက်ရခြင်းသည် ကာယကံရှင်၏ပယောဂကြောင့်ဖြစ်သည်။ သို့မဟုတ် သဘာဝဘေးအန္တရာယ်များနှင့် အခြားမမျှော်လင့်နိုင်သည့် အကြောင်းများကြောင့် ဖြစ်ရသည်ဟူသောအချက်များကို စနစ်တကျလေ့လာစုံစမ်းမှုများ ပြုလုပ်သင့်ပါ သည်။ ထိုသို့လေ့လာစုံစမ်းမှုများပြုလုပ်ပြီး သက်ဆိုင်ရာလွှတ်တော်ကိုယ်စား လှယ်၏ပယောဂကြောင့် ဖြစ်သည်ဟူသောအချက် ပေါ်လွင်ထင်ရှားလာမှသာ ကိုယ်စားလှယ်နေရာ လစ်လပ်သည်ဟု ကြေညာရေးကို ဆောင်ရွက်သင့်ကြောင်း” အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ လွှတ်တော်များပေါ်ပေါက်လာတဲ့အခါ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေထဲမှာ ခွင့်မဲ့ပျက်ကွက်တဲ့ လွှတ်တော် ကိုယ်စားလှယ်ကို အရေးယူဖို့အတွက် ဆောင်ရွက်ရမယ့်နည်းလမ်းများကို လိုအပ် သလို ပြည့်စုံအောင်ထည့်သွင်းသတ်မှတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကပဲ ဆက်လက်ပြီး–

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ရှင်းလင်းချက်ပါ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အပုဒ် ၇(က)(၁)၊ ၇(ခ)(၁)တို့ဟာ လွှတ်တော်မှာ အဆုံးအဖြတ်ပြုရမယ့် အကြောင်းကိစ္စတစ်ရပ်နဲ့စပ်လျဉ်းပြီး မဲခွဲဆုံးဖြတ်ရာမှာ လိုက်နာရမယ့်နည်းလမ်းကို ဖော်ပြထားခြင်းသာ ဖြစ်ပါတယ်။

“ဆန္ဒမဲမပေးဘဲကြားနေ နေလိုပါကနေပိုင်ခွင့်ရှိသည်” ဆိုတဲ့ကိစ္စရပ်ဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီမှာ ပုဂ္ဂိုလ်ရေးအရ ရရှိပြီးသား အခွင့်အရေးသာဖြစ်လို့ အသေးစိတ်အခြေခံရမယ့်မူတွင် ထည့်သွင်းဖော်ပြရန် လိုအပ်မည် မဟုတ်ကြောင်း ပြောကြားအပ်ပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

“အပိုဒ် ၇(က)၊ အပိုဒ်ခွဲ(၂)နဲ့ အပိုဒ် ၇(ခ)၊ အပိုဒ်ခွဲ(၂)တို့တွင်‘အနိုင်မဲ’ ဟူသောစကားရပ်အစား ‘အဆုံးအဖြတ်မဲ’ ဟုအစားထိုးရန်နှင့် အပိုဒ် ၉၊အပိုဒ်ခွဲ (က)နှင့်(ခ)တို့တွင် ‘အခွင့်အရေးမရှိသူတစ်ဦး’ဟူသောစကားရပ်အစား **‘အခွင့် အရေးမရှိသူတစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက် ပိုသူများကဖြစ်စေ’** ဟူသောစကားရပ်ကို အစားထိုးသင့်ကြောင်း” အကြံပြု တင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နှစ်ရပ်အနက် ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုဒ် ၇(က)၊ အပိုဒ်ခွဲ(၂)နဲ့ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုဒ် ၇(ခ)၊ အပိုဒ်ခွဲ(၂)တို့အတွက် အကြံပြုထားတာနဲ့ ပတ်သက်ပြီး ဦးစွာရှင်းလင်းပြောကြားလိုပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်တွင် ဖော်ပြထားချက်ဟာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်တဲ့ကိစ္စများ၌ ထောက်ခံဆန္ဒမဲနဲ့ ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေတဲ့ ကိစ္စရပ်မျိုးမှာ လွှတ်တော်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သူက ဆန္ဒမဲပေးလိုက်ခြင်းအားဖြင့် အနိုင်ရသွားစေမှာဖြစ်လို့ အနိုင်မဲလို့ သုံးနှုန်းထားတဲ့သဘောဖြစ်ပါတယ်။ အဓိပ္ပာယ်ရှင်းလင်းပေါ်လွင်အောင် သုံးနှုန်းလိုက်ခြင်းဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလဲ ‘အနိုင်မဲ’လို့ သုံးနှုန်းထားတာတွေ့ရှိရပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအပိုင်းနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့စဉ်က ‘အနိုင်မဲ’လို့သာ သုံးနှုန်းသင့်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ‘အနိုင်မဲ’လို့ သုံးနှုန်းခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုပြည့်စုံပြီး ရှင်းလင်းလွယ်ကူသွားစေမယ်လို့ သုံးသပ်ရရှိပါကြောင်း ပြောကြားအပ်ပါတယ်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ ဒုတိယအကြံပြုချက် “အပိုဒ် ၉၊ အပိုဒ်ခွဲ(က)နှင့် (ခ)တို့တွင် ‘အခွင့်အရေးမရှိသူ တစ်ဦး’ဟူသော စကားရပ်အစား ‘အခွင့်အရေးမရှိသူ တစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက် ပိုသူများကဖြစ်စေ’ ဟူသောစကားရပ်ကို အစားထိုးသင့်ကြောင်း”ဆိုတဲ့ အကြံပြုချက်နဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြ ရမယ်ဆိုရင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ရှင်းလင်းချက်တွင် ‘အခွင့်အရေးမရှိသူတစ်ဦးက’လို့ သုံးနှုန်းထားတာဟာ ဥပဒေများရေးဆွဲပြဋ္ဌာန်းရာမှာ သုံးနှုန်းလေ့ရှိတဲ့စကားရပ်အတိုင်း သုံးနှုန်းထားခြင်းဖြစ်ပါတယ်။ ‘တစ်ဦး’ဆိုတဲ့စကားရပ်ဟာ ဧကဝုစ်ဖြစ်ပြီး တစ်ဦးထက်ပိုပါက ‘အများ’ဆိုတဲ့ ဗဟုဝုစ်ဖြစ်ပါတယ်။ “ဧကဝုစ်အဓိပ္ပာယ် ရှိသည့်စကားရပ်သည် ဗဟုဝုစ်အဓိပ္ပာယ်ရှိသည့် စကားရပ်နှင့်လည်း သက်ဆိုင်သည်။ ဗဟုဝုစ် အဓိပ္ပာယ်ရှိသည့်စကားရပ်သည် ဧကဝုစ်အဓိပ္ပာယ်ရှိသည့် စကားရပ်နှင့်လည်း သက်ဆိုင်သည်ဟု မှတ်ယူရမည်”လို့ “၁၉၇၃ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ”ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားပါတယ်။ ဒါကြောင့် ဥပဒေရေးထုံးအရ “အခွင့်အရေးမရှိသူတစ်ဦးက”လို့ သုံးနှုန်း ထားခြင်းအားဖြင့်“အခွင့်အရေးမရှိသူတစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက် ပိုသူများကဖြစ်စေ”ဆိုတဲ့ သဘောများအကျုံးဝင် သက်ဆိုင်ပြီးဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။”

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက် ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စား လှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီရဲ့ သဘောထားအတိုင်းတင်ပြ သွားပါတယ်။

အဲဒီ ကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ရှမ်းပြည်နယ် ရွာငံမြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးအပိုင်းမှာလည်း ၁၉၄၇ခုနှစ် ပတ်ဝန်းကျင်က အခြေအနေနှင့်လုံးဝမတူတော့ပါ။ အဆရာထောင် မက ကွာခြားလာခဲ့ပြီးဖြစ်ပါတယ်။ တိုင်းပြည်နေရာအနှံ့ တည်ငြိမ်အေးချမ်း သာယာလာသည်နှင့်အမျှ နေ့နေ့ညည အချိန်မရွေး၊ ဒေသမရွေးသွားလာနိုင်တဲ့ ခေတ်ကာလအခြေအနေလဲဖြစ်ပါတယ်။ ဆက်သွယ်ရေးစနစ်တွေ အပါအဝင် ယခုလိုဘက်ပေါင်းစုံတိုးတက်ကောင်းမွန်နေတဲ့ ခေတ်ကာလကြီးမှာ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ အဓိကကျတဲ့ ဆန္ဒမဲရေတွက်ခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပြန်ကြေညာခြင်းစတဲ့ လုပ်ငန်းများကို ချို့ယွင်းချက်မရှိအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လိုအပ်မယ့်သင့်တော်တဲ့ အချိန်ကာလကို ရက်ပေါင်း (၉၀) ထားရှိ ခြင်းဟာ အချိန်ကာလအားဖြင့် ကြာမြင့်တဲ့သဘောဆောင်နေပါတယ်။ (၄၅)ရက်သာ သတ်မှတ်မယ်ဆိုရင်လည်း ခေတ်ကာလအခြေအနေအရ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများဖြစ်လာနိုင်ဖွယ်ရာ မရှိကြောင်း သုံးသပ်ထင်မြင် ယူဆမိပါတယ်။ သို့ဖြစ်၍ “ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း(၉၀)အတွင်း ကျင်းပရမည်”ဟု သတ်မှတ်မည့်အစား “ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မှ(၄၅)ရက်အတွင်းကျင်းပရမည်”ဟုအသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြောင်းလဲ ပြင်ဆင်ချမှတ်သင့်ပါကြောင်း”

အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁

အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့နဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တို့က အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သီးခြားအကြံပြုတင်ပြ ချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီ များမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးပါတီက–

“ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးများတွင် မိမိတို့နှင့် သက်ဆိုင်ရာ လွှတ်တော်များ၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း (၁၅)ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထား သည့် နည်းလမ်းများနှင့်အညီ ထိုလွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ် သည်ဟု ကြေညာနိုင်ကြောင်း ပါရှိပါသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီး၌ မှီတင်းနေထိုင်လျက်ရှိ ကြပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ရန် တစ်ဆက်တည်းပျက်ကွက်သည့်နေ့ရက် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်အပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ် ထားသည့် (၁၅)ရက်အတွင်း အချိန်မီဆောင်ရွက်နိုင်ရန် အခက်အခဲရှိနိုင်ပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ ကြိုတင်ခွင့်ပြုချက်မရဘဲ တစ်ဆက် တည်း ခွင့်မဲ့ပျက်ကွက်သည့်ကာလတို (၁၅)ရက်သတ်မှတ်မည့်အစား ရက်(၃၀) အထိ တိုးမြှင့်သတ်မှတ်သင့်ကြောင်း”

အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခြင်း ဆိုင်ရာ လုပ်ငန်းများနဲ့စပ်လျဉ်းလို့ ရှင်းလင်းပြောကြားစဉ်က ရှင်းလင်းတင်ပြ ခဲ့ပြီးဖြစ်ပါတယ်။ (၁၅)ရက်ဆိုတာဟာ တစ်ဆက်တည်း ခွင့်မဲ့ပျက်ကွက်မှုမျိုး ကိုသာ ဆိုလိုခြင်းဖြစ်ပြီး ကြိုတင်ခွင့်တိုင်ကြားနိုင်ရန် ရက်သတ်မှတ်ပေးတဲ့ သဘောမဟုတ်ပါ။ လွှတ်တော်အစည်းအဝေးကျင်းပမယ့်ရက်ကို ကြိုတင်ကြေညာ လေ့ရှိတာကြောင့် ခွင့်တိုင်ကြားဖို့ အချိန်လုံလောက်စွာ ရနိုင်မှာဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။

အဲဒီနိုင်ငံရေးပါတီကပဲဆက်လက်ပြီး–

“ကြိုတင်ခွင့်ပြုချက်မရဘဲ သတ်မှတ်ထားသည့်ရက် အပိုင်းအခြားထက် ကျော်လွန် ပျက်ကွက်မှုကြောင့် လွှတ်တော်ကိုယ်စားလှယ်၏ နေရာများ လစ်လပ် သည်ဟု ကြေညာရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက် ရမည်ဟူ၍ ပါရှိပါသည်။ သို့ဖြစ်ရာ သတ်မှတ်ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုချက်များ အချိန်မီမတောင်းခံသည့်အကြောင်းရင်းများကို လေ့လာဆောင်ရွက် သင့်ပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နေရာများလစ်လပ် ကြောင်း ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းတို့ကိုယ်စားပြုသူများအကြား ဆက်သွယ်မှုနှင့် ကိုယ်စားပြုနိုင်မှုများမှာ ယာယီ

“လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား၍ တက်ရောက်သည့်ပုဂ္ဂိုလ် များအနေဖြင့် လွတ်လပ်စွာပြောဆိုခွင့်ရှိကြောင်းနှင့် အဆိုပါပုဂ္ဂိုလ်များသည် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အပိုင်းတွင် ဆွေးနွေး တင်ပြခဲ့သည့်နည်းတူ ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ပါရန် ဆွေးနွေးတင်ပြအပ် ပါသည်။”

လို့အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ယင်းပါတီက ပြည်ထောင်စုလွှတ်တော်ရဲ့ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနဲ့ စပ်လျဉ်းလို့ အကြံပြုခဲ့စဉ်က“ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ် နည်းများနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်”လို့ ဖြည့်စွက် ရေးသားဖို့အကြံပြုခဲ့တာဖြစ်လို့ ယခုပြည်သူ့လွှတ်တော်နဲ့အမျိုးသားလွှတ်တော် တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းပိုင်းတွင်လဲ အဲဒီအကြံပြုချက်နည်းတူ “ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ရဲ့ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများ”ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ထည့်သွင်းပေးဖို့ တင်ပြတဲ့သဘော လေ့လာတွေ့ရှိရပါတယ်။ ဒီအကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူနဲ့လဲ ကိုက်ညီပြီး အဓိပ္ပာယ် ပိုမိုပြည့်စုံကောင်းမွန်တဲ့အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်း သုံးသပ်ရရှိလို့ ယင်းအချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာ ခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိအဖွဲ့ဝင်များကလဲ မိမိတို့နဲ့သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်အစု အဖွဲ့များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အများအပြားက ပြည်သူ့လွှတ်တော် အစည်းအဝေး များတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးပြောဆိုခွင့်နဲ့စပ်လျဉ်းပြီး အပိုဒ် ၁၇(က) (၃)အဖြစ် “အထက်အပိုဒ်ခွဲငယ် (၁)နှင့်(၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများ အရလည်းကောင်း အရေးယူခြင်းခံရမည်”ဟုလည်းကောင်း၊ အပိုဒ် ၁၇(ခ) (၃)အဖြစ်“အထက်အပိုဒ်ခွဲငယ် (၁)နှင့်(၂)တွင်ပါရှိသောပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် အမျိုးသားလွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူ ခြင်းခံရမည်”ဟု လည်းကောင်း ဖော်ပြသင့်ကြောင်း အကြံပြုခဲ့တာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

“လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် မိမိတက်ရောက်နေသော အစည်း အဝေးတစ်ခုခုတွင် ထောက်ခံသည့်ဘက်ကိုဖြစ်စေ၊ ကန့်ကွက်သည့်ဘက်ကိုဖြစ်စေ၊ ဆန္ဒမဲမပေးဘဲနေပိုင်ခွင့်ရှိပါသည်။ ဤသည်မှာ ကမ္ဘာ့နိုင်ငံများ၏လွှတ်တော် အစည်းအဝေးများ၊ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးများတွင်လည်း ကျင့်သုံးနေသော အစဉ်အလာတစ်ခုဖြစ်ပါသည်။

“လွှတ်တော်တွင် အဆုံးအဖြတ်ပြုမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာတွင်အခြားနည်းပြဋ္ဌာန်းထားချက်မရှိလျှင် အစည်း အဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်” ဟူသောအခြေခံမူတစ်ရပ် ချမှတ်သင့်ကြောင်းကိုလည်း ထောက်ခံတင်ပြပြီးဖြစ်ပါသည်။

၎င်းအပြင် အထက်ပါလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းချက် ပြည်ထောင်စုလွှတ်တော် အမှတ်စဉ်၈(က)၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသား လွှတ်တော်အပိုဒ်၇(က)(၁)၊၇(ခ)(၁)၊တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ် တော်အမှတ်စဉ် ၈(က)တွင် **‘လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် ဆန္ဒမဲ မပေးဘဲကြားနေ နေလိုပါက နေပိုင်ခွင့်ရှိသည်’**ဟု ဖြည့်စွက်သင့်ပါကြောင်း” အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် “ပြည်ထောင်စုဥပဒေပြုစာရင်း” တွင် ပါရှိသော ကိစ္စရပ်များ အနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသား လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်း များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသား လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

27-10 (09) 1 10/27/06, 1:19 AM

ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်

စာမျက်နှာ ၉ မှ

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်တွင် ပြည်သူ့လွှတ်တော်ရဲ့ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မှ ရက်ပေါင်း (၉၀)အတွင်း ကျင်းပရမယ်လို့ ဖော်ပြထားပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ "မဲဆန္ဒပေးပြီးသည့်နေ့"မှ စတင်၍ ရက်ပေါင်း(၆၀) အတွင်းလို့ သတ်မှတ်ခဲ့ပါတယ်။ "မဲဆန္ဒပေးပြီးသည့်နေ့" ကစတင်ရေတွက်ဖို့ သတ်မှတ်ခဲ့ရင် အငြင်းပွားဖွယ် ပေါ်ပေါက်နိုင်တာမို့ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မှ"လို့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းစဉ်က မြန်မာနိုင်ငံရှိ လူဦးရေနဲ့ ယနေ့လူဦးရေဟာ သုံးဆကျော်ရှိလာပြီဖြစ်သလို မဲဆန္ဒနယ်အရေအတွက်ကလဲ ပိုမိုများပြားလာမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲပြီးစီးတဲ့အခါ ဆောင်ရွက်ရမယ့်ဆန္ဒမဲရေတွက်ခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပြန်ကြေညာခြင်းစတဲ့ လုပ်ငန်းတွေကို စနစ်တကျပြီးစီး အောင်လုပ်ဖို့ ယခင်ကထက် အချိန်ပိုမိုလိုအပ်မှာ ဖြစ်သလို လွှတ်တော်အစည်းအဝေးစတင်ကျင်းပဖို့ ကြိုတင်ပြင်ဆင်ရမယ့် လုပ်ငန်းတွေအတွက်လည်း လုံလောက်တဲ့အချိန်ရှိဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ ကျင်းပတဲ့နေ့မှ ရက်ပေါင်း(၉၀)အတွင်းဆိုတာဟာ သင့်တင့်လုံလောက်တဲ့ အချိန်ကာလဖြစ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်တဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီး မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"လွှတ်တော်အသီးသီးရဲ့ အသေးစိတ်ချမှတ်သင့်တဲ့ အခြေခံမူထဲမှာ အခွင့်အရေးမရှိသူ တစ်ဦးက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း၊ သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ"ဆိုတဲ့ အချက်လည်း ပါဝင်နေပါတယ်။

ဒီအသေးစိတ်အခြေခံမူဟာ လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်မှုကြောင့် လွှတ်တော်ရဲ့ လုပ်ငန်းများ၊ အတည်ပြုချက်၊ ဆုံးဖြတ်ချက်များ မပျက်ပြယ်စေလိုတဲ့ သဘောဖြစ်တယ်လို့ ထင်မြင်ပါတယ်။

လွှတ်တော်များမှာ ဆန္ဒမဲပေးဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများဟာ အင်မတန်မှ အရေးကြီးတဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အခြေခံတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် အခွင့်အရေးမရှိသူတစ်ဦးရဲ့ ဆန္ဒမဲဟာ ဒီဆုံးဖြတ်ချက်၊ အတည်ပြုချက်အပေါ်မှာ အကျိုးသက်ရောက်မှု မရှိခဲ့ရင်တော့ အကြောင်းမဟုတ်ပေမယ့် တကယ်လို့များ သူရဲ့ဆန္ဒမဲကြောင့် ဆုံးဖြတ်ချက်၊ အတည်ပြုချက် တစ်ခုခုဟာအတည်ဖြစ်ခဲ့ရင် သို့မဟုတ် ပျက်ပြယ်ခဲ့ရင် ဒါဟာ စဉ်းစားစရာဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် သူရဲ့ဆန္ဒမဲဟာ အဆုံးအဖြတ်မဲ (Decisive Vote) ဖြစ်ခဲ့ရင် ဖြစ်ပါတယ်။ ဥပမာ–နှစ်ဖက်ဆန္ဒမဲ မတူညီဘဲရှိချိန်မှာ သူရဲ့ဆန္ဒမဲကြောင့် မဲအရေအတွက် တူညီသွားတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌပါဝင်ဆန္ဒမဲပေးရတာမျိုး၊ ကိုယ်စားလှယ်ဦးရေ ထက်ဝက်သို့မဟုတ်သုံးပုံနှစ်ပုံ မရှိဘဲ သူတက်ရောက်ခဲ့တဲ့အတွက် ထက်ဝက်ကျော်သို့မဟုတ် သုံးပုံ နှစ်ပုံ ပြည့်သွားတာမျိုးဖြစ်ပါတယ်။ ဒါကြောင့် အထက်ပါကိစ္စမျိုး မဖြစ်ရအောင် ကိုယ်စားလှယ်စိစစ်ရေးကိစ္စကို စနစ်တကျသေချာစွာစိစစ်ပြီး ဆောင်ရွက်သင့်ပါကြောင်း" အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ရှင်းလင်းတင်ပြရမယ်ဆိုရင် ဒီအကြံပြုချက်ဟာကောင်းမွန်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များပေါ်ပေါက်လာတဲ့အခါ လွှတ်တော်အစည်းအဝေးများသို့ တရားဝင်တက်ရောက်ခွင့်မရှိသူများ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း မပြုနိုင်ရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ ဒီလိုမဖြစ်ရအောင်လဲ သက်ဆိုင်ရာကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းဆောင်ရွက်တဲ့ အဖွဲ့အစည်းက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားမှာဖြစ်လို့ ဒီအကြံပြုချက်ကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့ အညီ–

ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး–

"၁။ (က) ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။

(၂) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။

၂။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) (၁) ပထမအကြိမ်ကျင်းပသော ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာ မပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) (၁) ပထမအကြိမ်ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၄။ (က) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

(ခ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက်မပိုစေရ။

၅။ (က) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့်အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

(ခ) အမျိုးသားလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတကပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) အမျိုးသားလွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေး ခွင့်ရှိသည်။ ထိုသို့ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခြင်းမပြုရ။

စာမျက်နှာ ၁၀ မှ

၇။ (က) (၁) ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်း ထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း **တူညီနေသည့် ကိစ္စရပ်တွင်သာ 'အနိုင်မဲ'** ပေးရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် **အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌** ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်း **ထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲ** ပေးသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ 'အနိုင်မဲ'ပေးရမည်။

၈။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်သူ့လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်း**ရေတွက်ခြင်းမပြုရ။**

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် **ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင်** လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်**ရောက်ရန် ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း** ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် ပြည်သူ့လွှတ်တော်က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် အမျိုးသား လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုအမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်**ရမည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည်** ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်**ရောက်ရန် ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း** ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက **ထံမှအကြောင်းကြားချက်ရရှိလျှင် အမျိုးသားလွှတ်တော်** က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထား သည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

၉။ (က) **ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့** လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူ တစ်ဦးက ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ**သည် ပျက်ပြယ်ခြင်းမရှိစေရ။**

(ခ) အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူ **တစ်ဦးက အမျိုးသားလွှတ်တော်အစည်းအဝေးသို့** တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၀။ (က) ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ

(ခ) အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ တားမြစ်ထားသည့်ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၁။ (က) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်း **ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့်** ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် **နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း** စတင် တင်သွင်းခွင့်ရှိသည်။

(ခ) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်။

၁၂။ (က) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြု**သည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ** ဖြန့်ဝေတင်ပြရမည်။

(၂) **နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း** ဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေကို အနီးကပ်ဆုံးကျင်းပသော အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ**တင်ပြရမည်။**

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ **တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်း**ချက်များနှင့်ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

(၃) **နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း**ဥပဒေ တစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

၁၃။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီပေးပို့လာလျှင် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟုမှတ်ယူ၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ပါရှိသောကိစ္စရပ်များအနက် ပြည်ထောင်စု လွှတ်တော်၌သာ ဥပဒေကြမ်း**တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌** သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်**ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို** ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင် တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထား**သည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်၌** ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) **ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို** ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်**သို့ ပေးပို့ရမည်။**

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စ**ရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို** ဥပဒေနှင့်အညီ အမျိုးသားလွှတ်တော်သို့ စတင် တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေး**ဆုံးဖြတ်ရမည်။**

(၃) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်။

၁၄။ (က) (၁) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) ပြည်သူ့လွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို **အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်** ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည် အမျိုးသား**လွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေ**ကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံပေးပို့ရမည်။

(၃) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ အမျိုးသား**လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စု** လွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

(ခ) (၁) **အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က ပေးပို့**သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

(၃) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၁၆။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(၁) ပြည်သူ့လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(၁) အမျိုးသားလွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲအကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည်။

၁၇။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲ ပေးခွင့်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် အမျိုးသားလွှတ်တော်၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

၁၈။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေး တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် ကော်မတီ သို့မဟုတ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာတင်ပြရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေး တက်ရောက်နေသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော် လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကိုသက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အကြီးအကဲမှ တစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်ကဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့ အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာတင်ပြရမည်။

၁၉။ (က) ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။”

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်လိုက်ပါတယ်။ ။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း တာခ့်မင်နစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ကျရောက်သော တာခ့်မင်နစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တာခ့်မင်နစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရာရှစ်၊ မေရာဒေါ်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သီရိဇေယျကျောင်းတိုက် ဗုဒ္ဓဂယာကျောင်းတော်ကြီး၌ ဝိသာခါ ဝေယျာဝစ္စအသင်းမှ မဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ကျောင်းလမ်းရှိ သီရိဇေယျကျောင်းတိုက် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်ကြီး၏ ပဓာနနာယက ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ဗုဒ္ဓဂယာဆရာတော်ကြီး) အား အမှူးထား ၍ ပဌမအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲကို ဝါဆို၊ ဝါကပ်တော်မူကြသောသံဃာတော်အရှင်မြတ်များနှင့် ပင့်သံဃာတော်တို့အား ကထိန်ကလျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း အလှူတော်အခမ်းအနားကိုကျောင်းတိုက်၌(တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၄ ရက်(စနေနေ့)နံနက် ၈ နာရီမှ ၉ နာရီအတွင်းလည်းကောင်း၊ ကျောင်းတော်ကြီးအတွင်း အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာအရပ်ရှိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ **“ဗုဒ္ဓဂယာမဟာဗောဓိသိမ်တော်မြတ်စေတီတော်”** အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကို နံနက် ၉ နာရီမှ ၁၀ နာရီအတွင်းလည်းကောင်း ကျင်းပမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် အကျိုးဆောင်အဖွဲ့ ဝိသာခါဝေယျာဝစ္စအသင်း ဖုန်း–၅၃၇၅၉၇၊ ၀၉–၅၁–၇၆၄၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် (အဖိတ်နေ့)
၂၇–၁၀–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၀ ၇။ ကြေးမုံရုပ်သွင်တေးနယ်
- ၈:၁၀ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ ရွှေလင်ပန်းတံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(စီးပွားရေးပညာအထူးပြု) [စီးပွားရေးပညာ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၂၅ ၇။ **“သတိနဲ့ယှဉ် အသိနဲ့ပြင်”** (အပိုင်း–၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်ရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇:၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၅ ၉။ ပန်းချီပန်းပုအနုပညာပြပွဲအကြောင်း သိကောင်းစရာ (၂၀၀၆ ခုနှစ်၊ မန္တလေး)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်နတ်သမီး”** (အပိုင်း–၁၃)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေး ပထမချစ်ပုံပြင်”** (အပိုင်း–၁၂)
- ၁၉။ နောက်တစ်နေ့အစီအစဉ်

ကာားလင်းဖလား တတိယအကျော့ယှဉ်ပြိုင် မန်ယူ၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ ရှေ့ခရီးလှမ်းတက်

လန်ဒန် အောက်တိုဘာ ၂၆

ကားလင်းဖလား တတိယအကျော့ ပွဲစဉ်များကို အောက်တိုဘာ ၂၅ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အသင်းကြီးများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူး၊ တော့တင်ဟမ်နှင့် နယူးကာဆယ်အသင်းတို့ အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ခရူဝီအသင်းအား အနိုင်ရပြီး မန်ယူကစားသမားများ ဤသို့ အောင်ပွဲခံခဲ့သည်။

ခရူဝီ–မန်ယူ

မန်ချက်စတာယူနိုက်တက်အသင်းသည် ခရူဝီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ အချိန်ပိုကစားချိန်ပွဲပြီးရန် နှစ်မိနစ်အလိုတွင် လူစားဝင်လာသူ ကီယာရန်လီက မန်ယူအတွက် အနိုင်ဂိုးသွင်းပေးပြီး ကားလင်းဖလား စတုတ္ထအကျော့ပြိုင်ပွဲသို့ အရောက်ပို့လိုက်သည်။

ပွဲသိမ်းအောင်ပွဲဂိုး

ခရူဝီအသင်းသည် အိမ်ကွင်းဖြစ်သည်နှင့်အညီနိုင်ပွဲရရှိရန် အကြိတ်အနယ် ကြိုးစားသွားသည်ကို တွေ့ရသည်။ သို့သော်လည်း အချိန်ပိုတွင် အလန်စမစ် ဖြတ်ပို့သော ဘောလုံးမှတစ်ဆင့် ကီယာရန်လီက မန်ယူအတွက် ပွဲသိမ်းအောင်ပွဲဂိုး သွင်းပေးနိုင်ခဲ့သည်။

ချေပဂိုး

မန်ယူအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ဆိုးလ်ရှားက ပွဲချိန် ၂၆မိနစ်တွင် သွင်းထားနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၇၃မိနစ်တွင် ဗာနေးက ခရူဝီအသင်းအတွက် ချေပဂိုး သွင်းယူခဲ့သည်။

အလှပဆုံးဂိုး

ဆိုးလ်ရှားသည် ၂၀၀၃ခုနှစ်မှစပြီး ကားလင်းဖလားတွင် ပထမဆုံးအကြိမ် ပါဝင်ကစားခဲ့ပြီး အလှပဆုံးဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

ပိုထုတ်

ထို့အတူမန်ယူမှ စမစ်သည်လည်း ဖေဖော်ဝါရီလမှစပြီး မန်ယူတွင် ပထမဆုံးအကြိမ် ပါဝင်ကစားခြင်းဖြစ်သည်။ ယခုပွဲတွင် မန်ယူဂိုးသမားဗန်ဒါဆာကိုမသုံးဘဲ ပိုလန်ဂိုးသမား ကွတ်ဇတ်ကို ဖာဂူဆန်က ပွဲထုတ်ခဲ့သည်။ မန်ယူတိုက်စစ်မှူးရွန်နေ၊ စီရိုနယ်ဒိုနှင့် ဆာဟာတို့ကိုလည်း ပရီမီယာလိဂ်ပြိုင်ပွဲအတွက် အဓိကထား ကစားရမည်ဖြစ်၍ ဖာဂူဆန်က ချန်လှပ်ထားခဲ့သည်။

အနိုင်ဂိုးသွင်း

သို့ရာတွင် မန်ယူတို့အတွက် ကံကောင်း ထောက်မစွာဖြင့် အချိန်ပိုကစားချိန် ပွဲပြီးရန် နှစ်မိနစ်အလိုတွင် လူစားဝင်လာသူ ကီယာရန်လီက အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သည်။

ဘလက်ဘန်း–ချယ်လ်ဆီး

ဘလက်ဘန်းအသင်းကို ချယ်လ်ဆီးက ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူပြီးနောက် ကားလင်းဖလား စတုတ္ထအကျော့ပွဲစဉ်သို့ အရောက်ပို့လိုက်သည်။

စုစည်းတင်ပြသူ–မြင့်မောင်စိုး

ချယ်လ်ဆီး ကစားသမား ဂျိုးကိုးလ်သည် ပွဲချိန် ၅၃ မိနစ်တွင် ကာလူးဖြတ်ပို့သော ဘောလုံးမှ တစ်ဆင့် ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်း၏ ဒုတိယမြောက်ဂိုးကို ကာလူးက ပွဲချိန် ၈၁မိနစ်တွင် သွင်းယူပေးခဲ့သည်။

ဘလက်ဘန်းအသင်းသည် ပွဲအစပိုင်းတွင် ဂိုးသွင်းခွင့်များရရှိခဲ့သည်။ သို့သော်လည်း ချယ်လ်ဆီးအသင်းသည် အလွန်ခိုင်မာတောင့်တင်းမှုကို ထုတ်ဖော်ပြသခဲ့သည်။ ဘလက်ဘန်းနည်းပြ မတ်ခ်ဟူးဂျက်က ဘလက်ဘန်းအသင်းအားကိုင်တွယ်သည့် ပွဲပေါင်း ၁၀၀ ပြည့်မြောက်သော ပွဲတွင် နွန်ဒါနှင့် ပီဒါဆင်တို့အတွဲကို အဓိကထားကစားသွားခဲ့သည်။ နွန်ဒါသည် ပထမဆုံးဂိုးသွင်းခွင့်ရရှိသော်လည်း ဂိုးတိုင်ဘေးမှ ဘောလုံးလွဲချော်ထွက်သွားခဲ့သည်။



လီဗာပူးအသင်းအတွက် ပွဲသိမ်းဂိုးသွင်းပေးပြီး အောင်ပွဲခံနေသော ပီတာခရောက်ချ်။

ချယ်လ်ဆီးမှ ရော်ဘင်နှင့် ကာလူးတို့ အတွဲသည် ဘလက်ဘန်း ဂိုးပေါက်အရောက် ဘောလုံးကို ဆွဲပြေးသွင်းယူရန် ကြိုးစားသည်။ သို့သော်လည်း မအောင်မြင်ခဲ့ပေ။

ဘလက်ဘန်းအသင်းသည် ပီဒါဆင်တည်ကန်ဘောကန်ပေးသည့် ပွဲချိန်၄၁မိနစ်အထိ ချယ်လ်ဆီးကို ဖိထားခဲ့သည်။ ပွဲချိန် ၄၈ မိနစ်တွင် ပီဒါဆင် ခြေထောက်ဒဏ်ရာရသွားပြီးနောက် ဘလက်ဘန်း ခြေစွမ်းကျသွားပြီး ဂျိုးကိုးလ်စတင်ဂိုးသွင်းခွင့် ရရှိသွားသည်။

ထိုးဖောက်

ချယ်လ်ဆီးတိုက်စစ်မှူး အာဂျင်ရော်ဘင် (လယ်) **ဘလက်ဘန်းဘက်သို့ ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

နွန်ဒါမှာလည်း ဂျွန်တယ်ရီနှင့် တိုက်မိပြီး ထမ်းစင်ဖြင့် ကွင်းအတွင်းမှ ထွက်သွားခဲ့ရသည်။ ပွဲအပြီး ချယ်လ်ဆီးတို့ နှစ်ဂိုး–ဂိုးမရှိဖြင့် ဘလက်ဘန်းကို အနိုင်ရလိုက်သည်။

လီဗာပူး–ရက်ဒင်း

လီဗာပူးအသင်းသည် ရက်ဒင်းအသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရပြီး ကားလင်းဖလား စတုတ္ထအကျော့ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ရော်ဘီဖောင်လာ၏ ဖွင့်ဆော်ဦးဂိုး၊ ရစ်ဆီ၏ ဝဲခြေဖြင့်ကန်သွင်းသည့် ဂိုးတို့ဖြင့် လီဗာပူးတို့ ရက်ဒင်းကို ပထမပိုင်းပြီးသည်အထိ ဖိထားနိုင်ခဲ့သည်။

ပွဲချိန် မိနစ် ၅၀တွင် ပလက်တာက လှည့်ကန်ဘောဖြင့် လီဗာပူးအသင်းအတွက် ၎င်း၏ ပထမဆုံးဂိုး သွင်းခဲ့ပြန်သည်။ သို့သော်လည်း အင်ဒရီဘိုက်ကီက ခေါင်းတိုက်ဂိုးဖြင့် ပွဲချိန် ၇၅မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း ပီတာခရောက်ချ်က လီဗာပူးအသင်းအတွက် စတုတ္ထမြောက်ဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း လီတာနှင့် ရှိန်းလောင်းတို့က ချေပဂိုးတစ်ဂိုးစီ သွင်းယူခဲ့၍ ပွဲအပြီး လီဗာပူးက လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

အမ်ကေဒွန်းစ်–တော့တင်ဟမ်

အမ်ကေဒွန်းစ်အသင်းနှင့် ယှဉ်ပြိုင်ရာတွင် တော့တင်ဟမ်အသင်းအတွက် ဂျာမိန်းဒီဖိုးနှင့် မီဒိုတို့က နှစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းကြောင့် တော့တင်ဟမ်တို့ ကားလင်းဖလား စတုတ္ထအကျော့ပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် အသင့်အနေအထားဖြစ်သွားသည်။

ရော်ဘီကိန်းကလည်း တော့တင်ဟမ်အတွက် ပွဲသိမ်းဂိုးသွင်းယူပေးခဲ့၍ ပွဲအပြီး ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

နယူးကာဆယ်–ပို့စ်မောက်

ရှော့ဆီနှင့် ဆိုလာနို၏ဂိုးများဖြင့် နယူးကာဆယ်က ပို့စ်မောက်ကို အလွယ်တကူနိုင်ပြီး ကားလင်းဖလား စတုတ္ထအကျော့ပွဲသို့ တက်ခွင့်ရခဲ့သည်။

ဒုတိယပိုင်းပြန်စပြီး နှစ်မိနစ်အကြာ ဆိုလာနို တည်ကန်ဘော ကန်သွင်းမှုကို ပို့စ်မောက်ဂိုးသမား မဖမ်းနိုင်ဘဲ ပြန်ထွက်လာစဉ် ရှော့ဆီက ဘယ်ခြေဖြင့် သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး ငါးမိနစ်အကြာ ဒပ်ဖ်က ပို့စ်မောက်ဂိုးရှေ့သို့ ဖြတ်တင်လိုက်စဉ် ဆိုလာနိုက ခေါင်းတိုက်၍ ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန်မိနစ် ၉၀တွင် ဆိုလာနိုကပင် နယူးကာဆယ်အတွက် တတိယအနိုင်ဂိုးသွင်းယူခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ကားလင်းဖလားဗိုလ်လုပွဲ ထောင်စုနှစ်ကွင်း၌ကျင်းပမည်

လန်ဒန် အောက်တိုဘာ ၂၆

ယခုနှစ်ရာသီအတွက် ကားလင်းဖလားဗိုလ်လုပွဲကို ထောင်စုနှစ်အားကစားကွင်းကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း အက်ဖ်အေက အတည်ပြုပြောကြားခဲ့သည်။ ယင်းကားလင်းဖလား ဗိုလ်လုပွဲကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် အဆိုပါကွင်းကြီး၌ ကျင်းပမည်ဖြစ်ကြောင်း အက်ဖ်အေက ပြောကြားသည်။

ပြောကြား

ကားလင်းဖလားဗိုလ်လုပွဲကို ၂၀၀၀–၂၀၀၁ခုနှစ်ရာသီမှစပြီး အဆိုပါကွင်းကြီး၌ ကျင်းပခဲ့သည်။ ဝင်ဘလေကွင်းသစ်ကြီးကို ဆောက်လုပ်ဆဲဖြစ်၍ ထောင်စုနှစ်ကွင်းကြီး၌ တစ်ဖန်ကျင်းပရခြင်းဖြစ်ကြောင်း အက်ဖ်အေက ပြောကြားသည်။ **(အင်တာနက်)**

ကားလင်းအကောင်းဆုံးဆု ရွန်နေ ပြန်ရနိုင်ပါမည်လော



လန်ဒန် အောက်တိုဘာ ၂၆

မန်ယူတိုက်စစ်မှူးရွန်နေအား ထောင်စုနှစ် အားကစားကွင်းကြီး၌ ကားလင်းဖလားပြိုင်ပွဲများ ကစားအပြီး အကောင်းဆုံး ဘောလုံးသမားဆုနှင့် အတူ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရခြင်းဖြစ်သည်။ **(ယာပုံ)**

ပြည့်မြောက်

ရွန်နေသည် ၂၀၀၆ ခုနှစ်အောက်တိုဘာ ၂၄ ရက်က အသက် ၂၁နှစ် ပြည့်မြောက်ခဲ့သည်။

သုံးသပ်

ရွန်နေသည် အင်္ဂလန်၏ အကျော်ကြားဆုံး ဘောလုံးသမားအဖြစ် ရှိနေသော်လည်း ဂိုးသွင်းစွမ်းရည် ကျဆင်းလာခဲ့သည်။ ယခုနှစ်ရာသီတွင် ကားလင်းဖလားအကောင်းဆုံး ဘောလုံးသမားဆုအတွက် ပြန်လည် ဆွတ်ခူးနိုင်ရေးမှာ အလွန် ကြိုးစားရလိမ့်မည်ဟု မီဒီယာများက သုံးသပ်ဖော်ပြကြသည်။ **(အင်တာနက်)**

ကားလင်းဖလားစတုတ္ထဆင့်ပွဲစဉ်များ ထုတ်ပြန်

လန်ဒန် အောက်တိုဘာ ၂၆

ကားလင်းဖလား စတုတ္ထအကျော့ပွဲစဉ်များကို နိုဝင်ဘာ ၇ရက်နှင့် ၈ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ကစားမည့်အသင်းများ၏ စာရင်းကိုလည်း အောက်ပါအတိုင်း ယှဉ်တွဲထုတ်ပြန်ထားသည်–

နော့ကောင်တီနှင့်ဝိုင်ကွမ်ဘီ

ဘာမင်ဂမ်နှင့်လီဗာပူး

ဝက်ဖို့ဒ်နှင့်နယူးကာဆယ်

အဲဗာတန်နှင့်အာဆင်နယ်

တော့တင်ဟမ်နှင့်ပို့စ်ဗယ်လီ

ချယ်လ်ဆီးနှင့်အက်စ်တွန်ဗီလာ

ဆောက်သန်းနှင့်မန်ယူ။

(အင်တာနက်)

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကားလင်းဖလား။

ဒို့ကျေးရွာဂျာနယ်သိမှတ်ဖွယ် သုတမောင်၊ သုတမယ်ရွေးချယ်၊ ဆုချီးမြှင့်

ကျိုင်းတုံ အောက်တိုဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ စုပေါင်း၍ ဒို့ကျေးရွာဂျာနယ်သိမှတ်ဖွယ် သုတမောင်နှင့် သုတမယ်ရွေးချယ်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ရက်နံနက် ၈နာရီခွဲက ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ တြိဂံဒေသတိုင်း စစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက အမှာစကားပြောကြားပြီး **(ယာပုံ)** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲတွင်ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ်နှင့် တာချီလိတ်ခရိုင်များမှ ခရိုင်ကိုယ်စားပြု ကျောင်းသားတစ်ဦးစီနှင့် ကျောင်းသူတစ်ဦးစီတို့ ပါဝင်ယှဉ်ပြိုင်ကြရာ ဒို့ကျေးရွာဂျာနယ် သိမှတ်ဖွယ် သုတမောင်ဆုကို ကျိုင်းတုံမြို့ အထက(၅)မှ နဝမတန်းကျောင်းသားမောင်ကြည်လှိုင်ထွေးက လည်းကောင်း၊ သုတမယ်ဆုကို မိုင်းဆတ်မြို့ အထကမှ နဝမတန်းကျောင်းသူ မနွယ်နီတင်ဦးကလည်းကောင်း ရရှိကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သုတမောင်ဆုနှင့် ယှဉ်ပြိုင်ဆုရကျောင်းသားများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက လည်းကောင်း၊ ယှဉ်ပြိုင်ဆုရကျောင်းသူများအား ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက လည်းကောင်း၊ သုတမယ်ဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းလုံးရဲန်က လည်းကောင်း ဆုများ ချီးမြှင့်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့နှင့်ကျေးလက်ဆက်သွယ်သည့် မင်္ဂလာလမ်း(သောင်ရွာလမ်း) အပိုင်း(၂) ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းအတွက် ကျောက်ကြီးခွဲစိတ် စုဆောင်းထားမှုကို အောက်တိုဘာ ၈ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဂန့်ဂေါ၌ ကျန်းမာရေးပညာပေးဟောပြော ကျောင်းသန့်ရှင်းရေး အမှိုက်ပုံးပေးအပ်လှူဒါန်း

ဂန့်ဂေါ စက်တင်ဘာ ၂၅

ဂန့်ဂေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေးပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီက ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ကြူ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းရွှေဝင်းတို့က ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်း ဟောပြောကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းက ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်း ကျောင်းသန့်ရှင်းရေးအထောက်အကူ ဖြစ်စေရန်အတွက် အမှိုက်ပုံး ၁၂ပုံး ပေးအပ်လှူဒါန်းရာ အခြေခံပညာ အထက်တန်းပြဆရာမ ဒေါ်ရီရီဝင်းက လက်ခံရယူသည်။**(၂၇၃)**

ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်းမပေါ်ရှိ လမ်းလယ်ကျွန်းအဝိုင်း စတီးလက်ရမ်းတပ်ဆင်ခြင်းနှင့် အဝိုင်းပြုပြင်ခြင်းတို့ကို စက်တင်ဘာ ၂၉ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်နှင့် ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုး

ကန့်ဘလူ စက်တင်ဘာ ၂၅

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် စန္ဒရားကျေးရွာအုပ်စု မျိုးသန့်ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၆ရက် နံနက် ၇ နာရီက ကွင်းအမှတ်(၅၁၂) ကလမတောကွင်း ဦးပိုင်အမှတ်(၂၃)၊ (၂၈) နှင့်(၈)တို့ရှိ ယာမြေ ၁၅ဧက၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးအောင်မြင့်၊ အတွင်းရေးမှူး ဦးဘဝင်း၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးထွန်းညွန့်၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသန့်၊ စန္ဒရားကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူ လယ်သမားများတက်ရောက်ကြသည်။

ထို့နောက် စန္ဒရားကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်းနှင့် ဒေသခံတောင်သူလယ်သမားများက ထွန်ရှည်း ၄၀ ကျော်ဖြင့် ယာမြေ ၁၅ ဧကတွင် မျိုးသန့်ချည်မျှင်ရှည်ဝါ ငွေချည်လေးမျိုးကိုမျိုးစေ့ချစိုက်ပျိုးကြသည်။ **(ဝ၅၆)**

ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချခြင်းစစ်ဆေး

ကန်ကြီးထောင့်မြို့ မြို့မဈေးအတွင်း သား၊ ငါး၊ အစားအစာနှင့် မုန့်ပဲသရေစာ ရောင်းချရာတွင် ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချခြင်း ရှိမရှိကို အောက်တိုဘာ ၇ ရက်က အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကြီးကြပ်စစ်ဆေးစဉ်။ (၁၀၈)

မော်လမြိုင် စက်မှုလက်မှုအထက အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၆

မော်လမြိုင် စက်မှုလက်မှု အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၉ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ပဥ္စမအကြိမ်အထိ တက်ရောက်ခဲ့ကြသောဆရာကြီး၊ ဆရာမကြီးများ၊ မိတ်ဆုံစားပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဆရာ ဦးဉာဏ်ထွန်း ဖုန်း- ၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း- ၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁ ၁၁၇၅၈၊ ဦးထွန်းလွင် ဖုန်း- ၇၂၄၇၁၃၊ ဦးမင်းငွေသန်း ဖုန်း- ၆၈၃၄၁၉၊ ဦးသန်းထွန်း ဖုန်း-၀၉-၉၉ ၇၃၀၇၇၊ ဦးရွှေဝင်း ဖုန်း- ၀၉-၅၁ ၁၀၇၅၈နှင့် ဦးစိုးမြင့် ဖုန်း- ၆၈၀၅၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဝင်းနှင့်ဝန်ထမ်းများ အောက်တိုဘာ ၅ရက်က မြို့သာယာလှပရေးအတွက် မြို့မရေကန်၌ မြေခင်းအလှပြုလုပ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

မိုင်းယောင်းမြို့ ရမ်းမွန်း ကျေးရွာ ကျေး လက် ရေပေးရေးအတွက် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းကို အောက်တိုဘာ ၉ ရက်က အမှုဆောင်အရာရှိ ဦးတင်မောင်သိန်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်
၂၈-၁၀-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) ချစ်တယ်ဆိုတဲ့စကား (ဇော်မင်းလေး-တင်မိုးခိုင်)
(၂) ချစ်မိပြီဆိုရင် (မောင်သစ်လွင်-နိုင်နိုင်မော်)
(၃) ချစ်လွန်းပို (မင်းအောင်-အိဖြူ)
၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (လှိုင်သာယာစက်မှုဇုန်မှ ဂျယ်လီနှင့် သကြားလုံးမျိုးစုံ စက်ရုံအကြောင်း)
၁၁း၃၅ အဘိုးအဘွားအလေးထား (ကာတွန်း ဦးဇကလေးနှင့် ဆွေးနွေးခန်း)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂း၁၀ နေ့စဉ်သုံးအိဒီယမ်(ဦးသိန်းလွင်)
၁၃း၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) (ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ)

ညနေပိုင်း

၁၆း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ခရေပင်ရိပ်ဝယ် (စန္ဒရားကျော်ဇောလေး)
(၂) ရှင့်လိုလူ (နီနီဦး)
(၃) မေတ္တာပန်းများပွင့်စေမယ် (ခင်မောင်ကြည်)
၁၇း၀၀ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိအစီအစဉ်
၁၇း၁၅ ခေတ်ဟောင်းတေး
(၁) ကထိန်သင်္ကန်း (စိန်ပါတီ)
(၂) ဘုရားဖူးလယ်မယ် (မတင်အုန်း)
(၃) ငါးပါးပဥ္စသီ(ဥသြဘသောင်)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာရေးနှင့် ကယ်လိုရီအကြောင်း) (ခရမ်းစွဲ)
၁၈း၄၅ သိမှတ်စရာ ကွန်ပျူတာ (သိမှတ်စရာ ကွန်ပျူတာ အမေးအဖြေများ)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (စပယ်ဦးတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဖြူသီ၏ မိုးတစိမ့်စိမ့် ရွှေအလက်ာတေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အကျည်းတန်ချစ်သူ (မောင်မောင်ကြီး)
(၂) အိပ်မက်ကလေးဆေးရောင်စုံ (ရီရီသန့်)
(၃) တစ်ချမ်းကအိပ်မက် တစ်ဝက်က ပုံပြင် (ကိုတင်ကိုး)

အောက်တိုဘာ ၂၂ ရက်က ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော ရွှေညဝါ ပညာ့ဗိမာန် သုံးထပ်ကျောင်းတော်ကြီးအတွက် ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်းဒါယကာကြီး ဦးနှင်းစိန် (သီဟ သုမမ္မဇကီဇောတရေ)အားရည်စူး၍ ဒေါ်မြငြိမ်း မိသားစု(အောင်သိန်းသစ်ဆိုင်နှင့် အောင်သိန်းဖိုလ်ကုမ္ပဏီလီမိတက်)က အလှူတော်ငွေကျပ် ၁၁ သိန်းကို ရွှေညဝါပညာ့ဗိမာန် ဆရာတော်ထံ ရေစက်ချတရားနာကြားပြီး ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဒဂုံတက္ကသိုလ် သချာကျောင်းသားဟောင်းများ ပုဂံ ပညာသိပ္ပဓမ္မရုံသီစေတီ ရွှေထီးတော်တင်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၆

ပြည်တွင်းပြည်ပ သာသနာပြုအလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ အရိယဝံသ၏ ဩဝါဒကိုခံယူ၍ ဒဂုံတက္ကသိုလ်သချာ ကျောင်းသားဟောင်းများ စုပေါင်းပြုပြင်တည်ထားခဲ့သော ပုဂံရှေးဟောင်း သမိုင်းဝင်ဘုရားအမှတ် (၉၈၀-ဃ) ပညာသိပ္ပဓမ္မရုံသီစေတီတော် ဘက်စုံပြုပြင်မွမ်းမံမှုနှင့် ရွှေထီးတော်တင်လှူပွဲကျင်းပရေးအတွက် အောက်တိုဘာ ၁၈ ရက်ညပိုင်းက တာမွေအလိုတော်ပြည့် ကျောင်းတိုက်၌ကျင်းပရာ ဘက်စုံပြုပြင်မွမ်းမံမှုကော်မတီ နာယက ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဦးတင်လတ်နှင့် ကော်မတီအတွင်းရေးမှူး ကိုကျော်စွာဝင်းတို့က စေတီထီးတော်အသစ် ပြန်လည်တင်လှူနိုင်ရန်အတွက် လျှောက်ထားတင်ပြကြရာ ရွှေထီးတော်တင်လှူပွဲအခမ်းအနားအတွက် လိုအပ်သည်များကို အလိုတော်ပြည့် ဆရာတော်ကြီးက ဩဝါဒပေးမိန့်ကြားတော်မူသည်။

ဆက်သွယ်နိုင်

စေတီတော်အတွက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်မာလာသိန်း မိသားစု၏ ဆရာမြတ်များ ကုသိုလ်တော်အဖြစ် ငွေကျပ် တစ်သိန်း၊ ရဲမှူးချုပ် တင်ဝင်းနှင့် ဇနီး ဒေါ်နီနီ မိသားစုက ငွေကျပ်ငါးသောင်း၊ ကိုလှိုင်မြတ်စိုး မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးသိန်းထွန်းနှင့်ဇနီးတို့က ငွေကျပ် တစ်သိန်းတို့ကို ဒုတိယအကြိမ် ထပ်မံလှူဒါန်းကြပြီး ပညာသိပ္ပဓမ္မရုံသီစေတီတော် အထက်ဌာပနာသွင်းလှူပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက်၊ ရွှေထီးတော်တင်လှူပွဲကို ဒီဇင်ဘာ ၆ ရက်တွင် ပုဂံမြို့၌ အလိုတော်ပြည့် ဆရာတော်ကြီးကိုယ်တိုင် ဦးစီး၍ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများ ဦးမျိုးတင့် ဖုန်း-၀၉-၅၀၀-၅၆၅၇၊ ကိုလှိုင်မြတ်စိုး ဖုန်း-၀၉-၅၀-၁၁၅၉၅၊ မနွဲ့နွဲ့ဝင်း ဖုန်း-၅၈၀၄၅၃၊ ကိုမင်းနိုင် ဖုန်း-၀၉-၅၁- ၂၄၉၃၀၊ မစန္ဒာဝင်းဖုန်း-၅၄၄၈၉၇နှင့် မမာမာစိုး ဖုန်း-၅၄၆၄၀၄-လိုင်းခွဲ၂၂၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ကေဝယ်ယူရန်အတွက် အမှတ်(၁၁)နတ်မောက်လမ်း ပန်းဘဲတန်း ဟသ်ာတမြို့နေ (ဦးကျော်စိန်)-ဒေါ်စမ်းမြ၊ သား ဦးငွေမောင် B.E Com(P.D)75 မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြောင်းမြ အလက (၁) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၆

မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ယခင်နေရှင်နယ်ကျောင်း)တွင် ၁၉၅၂ မှ ၁၉၇၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများနှင့် ၁၉၇၂ ခုနှစ်နောက်ပိုင်း အသက် (၆၀) ပြည့် အငြိမ်းစားယူဆရာ ဆရာမများအား အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ၁၄ရက်(အမျိုးသားနေ့)နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးဝမ်းကြည် (မြောင်းမြ) ဖုန်း-၀၄၂-၇၀၂၃၄၊ ဦးဇော်မင်းချိန် (မြောင်းမြ)ဖုန်း-၀၄၂-၇၀၁၀၅၊ ဦးထွန်းအောင် ဖုန်း-၀၁-၂၂၃၇၄၇နှင့်ဒေါက်တာဘီဘီ ဖုန်း-၀၁-၂၄၁၀၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဘိုးဘွား ဦးသာခင်-ဒေါ်သင်းနွယ်၊ ဦးကစ်-ဒေါ်ဆင့်၊ မိဘ ဦးဟိန်းစိုး- ဒေါ်ကြည်ကြည်၊ သားသမီးများ ဦးစံထွန်းအောင်-ဒေါ်သန်းသန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်နှင်းဦး၊ ဦးဟန်တင်-ဒေါ်ဂရေစီယာ၊ ဒေါ်အေးမူ၊ ဦးသက်လွင်-ဒေါ်နွဲ့နွဲ့ရီ၊ ဦးသက်ဝင်း-ဒေါ်လေးမြင့်၊ ဒေါက်တာကျော်သူ-ဒေါ်နိုင်နိုင်တင်နှင့် မြေးများက အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးသိန်းဇော်က လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ လှိုင်မြို့နယ်(၁၀)ရပ်ကွက် ခပေါင်းလမ်းသွယ် အမှတ် ၅၁၈နေ ဒေါ်စောမြင့်နှင့်သား သမီး မြေးတစ်စုတို့က ဦးညွန့်တင်(ဝါးခယ်မ)၂နှစ်ပြည့်အား ရည်စူး၍ ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်ရေး ကွင်းဆင်းစစ်ဆေး

အမရပူရ အောက်တိုဘာ ၁၀

အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးနှင့်အဖွဲ့ အောက်တိုဘာ၁၀ ရက်က စားသောက်ဆိုင်များသန့်ရှင်း သပ်ရပ်မှုရှိမရှိနှင့် အမှိုက်ပုံးထားရှိမှု ရှိမရှိတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။

(မြို့နယ် စည်ပင်)

မြို့နယ်သတင်းများ

ပန်းအလှပင်စုပေါင်းစိုက်ပျိုး

ဟိုပင် အောက်တိုဘာ ၅

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စက်တင်ဘာ ၁၉ ရက်က ဟိုပင်မြို့ စုပေါင်းရုံးအတွင်းရှိ စည်ပင်သာယာရေးရုံးသစ်တွင် ချုံနွယ် ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြရာ မြို့တာဝန်ခံဦးစီးအရာရှိဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်ခွင်အောင်တို့ ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

တောင်ငူမြို့၌ မြတ်ဆရာ စာကြည့်တိုက်ဖွင့်

တောင်ငူ အောက်တိုဘာ ၂၀

တောင်ငူမြို့ ရပ်ကွက်(၁)ထီးလှိုင် မြတ်ဆရာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း) (ကိုရေချမ်း-တောင်ငူ)နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တ ဦးစီးအရာရှိ ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တဦးစီးအရာရှိ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးခင်မောင်စိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ခင်တို့က အမှာစကားများပြောကြားကြပြီး အလှူရှင်များက လှူဒါန်းကြသည့် သုတ၊ ရသ၊ ပုံပြင်၊ ကာတွန်းနှင့် မဂ္ဂဇင်း စာအုပ်မျိုးစုံ အုပ်ရေ ၁၂၀၀ကို ရပ်ကွက်ဥက္ကဋ္ဌက လက်ခံယူသည်။ **(၃၇၂)**

မော်လမြိုင်ကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများအတွင်း အိုင်အိုဒင်းပါဝင်သော ဆားများ ရောင်းချမှုရှိစေရေးအတွက် အောက်တိုဘာ ၂ရက်က ဦးစီးအရာရှိ ဦးခင်မောင်မြင့်၊ ဒုတိယဦးစီးမှူး (ဈေး) ဦးညွန့်ဝင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်း၍ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြေးတော်ကြီးကျောင်း စုပေါင်းဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းအမှတ် (၃)ဝိုင်း ကြေးတော်ကြီးကျောင်းတွင် မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ ပင်ရင်းထီဆိုင်နှင့် ထီအရောင်းကိုယ်စားလှယ်မိသားစုတို့က မတည်ဦးစီး၍ ပင့်သံဃာတော် ၁၈ ပါးတို့အား တတိယ အကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၃ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများ ကြေးတော်ကြီးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒနှင့် အကျိုးတော်ဆောင် ဦးသက်-ဒေါ်မြင့်မြင့် ဖုန်း-၅၇၁၅၈၁၊ ဒေါ်သန်းဌေးနွဲ့ မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ ပင်ရင်းထီဆိုင် ဖုန်း-၅၇၂၆၃၁တို့သို့ ဆက်သွယ်လှူဒါန်းပြီး ဘုံကထိန်အလှူပွဲသို့ တက်ရောက်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အင်းတော်မြို့ အထက ပညာရည်ချွန်ဆုချီးမြှင့်

အင်းတော် အောက်တိုဘာ ၁

အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်နံနက်၁၀နာရီက အဆိုပါကျောင်း ဓာတုကလျာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးရွှေထွန်း၊ မြို့နယ် ပညာရေးမှူး ဦးကျော်ဝင်းနိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းတို့က အမှာစကားပြောကြားကြပြီး မိဘဆရာအသင်း နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဆရာ ဦးကိုကို ၊ဆရာမ ဒေါ်ခင်နှင်းဝေနှင့် ဆရာမ ဒေါ်သန်းဝင်းတို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းတွင်းထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၁၃၃)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တာခ့်မင်နစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ကျရောက်သော တာခ့်မင်နစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တာခ့်မင်နစ္စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဆာပါမူရက်(ဒ်) အေ၊ နီရာဇော့(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် အောက်တိုဘာ ၂၇ ရက် (ယနေ့) **၌ တိမ် အသင့်အတင့်မှ တိမ် ထူထပ်မည်။**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုငွေလှူဒါန်းပွဲတက်ရောက်၍ အလှူငွေများကိုလက်ခံ

ရန်ကုန် အောက်တိုဘာ ၂၆

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီရုံး ညှော်ခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✡

ပတ္တလား အတီး ပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်သင်းသင်းအောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့နှင့်စပ်လျဉ်း၍လည်းကောင်း တပ်မတော်အခန်းနှင့်စပ်လျဉ်း၍လည်းကောင်း အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ တပ်မတော်အခန်းနှင့် စပ်လျဉ်း၍လည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဒွါဒသမနေ့မြောက် ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော်၌ပထမဆုံးအကြိမ်အဖြစ် ဦးတည်ချက်(၇)ရပ်ဖြင့် ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဦးစီးကော်မတီ နာယကအဖွဲ့ဝင် ပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီများ၊ ဆပ်ကော်မတီများ၊ ဗဟိုနှင့် ပြည်နယ်နှင့်တိုင်းတို့မှ သဘင်နှင့် ဂီတအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ပြည်နယ်နှင့်တိုင်းအဖွဲ့များ၏ အုပ်ချုပ်သူများသည် အမိနိုင်ငံတော်ကြီးအား ကမ္ဘာ့အလယ်တွင် တည်ငြိမ်အေးချမ်းပြီး စည်ပင်ဝပြောသော စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးအဖြစ် တင့်တင့်တယ်တယ် အစဉ်ထာဝရ ရပ်တည်နိုင်ရေးနှင့် ပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ် စွဲမြဲခိုင်မာစေရန် ယဉ်ကျေးမှုအနုပညာကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးကြမည်ဟူသော တူညီသောစိတ်ဓာတ်တို့ဖြင့် ပွဲတော်ကြီးကာလအတွင်း မနားမနေကျုရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ကြိုးပမ်းထမ်းဆောင်ခဲ့ကြသကဲ့သို့ ပြိုင်ပွဲဝင်များကလည်း အားတက်သရော ယှဉ်ပြိုင်ကြရာ ယနေ့တွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒွါဒသမနေ့မြောက် ပြိုင်ပွဲအစီအစဉ်များကို နောက်ဆုံးနေ့အဖြစ် နေပြည်တော်၌ ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✻

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး တယောပြိုင်ပွဲတွင် ကယားပြည်နယ်မှ မနော်ဒိုနေထူး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)